OneHope
God's Word. Every Child.



# ကမ္ဘာလုံးဆိုင်ရာ

## လူငယ်တို့၏ယဉ်ကျေးမှု

*ဒီဂျစ်တယ်မျိုးဆက်လူငယ်တို့၏ အမြင်များ*

# အကြောင်းအရာများ


၃ နိဒါန်း

၅ ဘာသာရေးနှင့်ဆိုင်သော သဘောထားများနှင့် အပြုအမူများ
၁၆ ကိုယ်ပိုင် အတွေ့အကြုံများနှင့် ရုန်းကန်မှုများ
၂၅ ဒီဂျစ်တယ်နည်းစနစ် ဆက်သွယ်မှုနှင့် အကျိုးသက်ရောက်မှု
၃၃ မည်သူမည်ဝါဖြစ်ခြင်းနှင့် ဆက်နွယ်မှုများ
၄၄ လွှမ်းမိုးမှုများနှင့် လမ်းပြသော အသံများ

၅၃ ROB HOSKINS ထံမှ ပေးပို့သောစာ
၅၄ ဝမ်းဟောပ် အကြောင်း
၅၄ ဖွဲ့စည်းလုပ်ဆောင်ပုံနည်းစနစ်ကို လေ့လာခြင်း
၅၅ အချက်အလက်စုဆောင်းခြင်း
၅၆ အဓိပ္ပါယ်ဖွင့်ဆိုချက်များ

# နိဒါန်း

လက်ရှိ ကမ္ဘာ့ဆယ်ကျော်သက်များနှင့် လူငယ်မျိုးဆက်များသည် ၁၉၉၅ ခုနှစ် မှ ၂၀၁၂ ခုနှစ်အကြားတွင် မွေးဖွားခဲ့သောမျိုးဆက် ဖြစ်ပါသည်။ ဤမျိုးဆက်တွင် (သန်း ၂၀၀၀) နီးပါးသောလူဦးရေ ရှိပြီး၊ ကမ္ဘာ့လူဦးရေ၏ ၂၅% ခန့်အထိ ရှိလာကြသည်။[၁] သူတို့၏ဘဝအတွေ့အကြုံများနှင့် သူတို့ကြီးပြင်းလာသော ကမ္ဘာ၏အကျိုးဆက်ကြောင့် ဤလူငယ်တို့တွင် ထူးခြားပြီး ကွဲပြားခြားနားသောအမြင်များ ရှိကြသည်။

ဤလေ့လာရာဖွေချက်သည် ကမ္ဘာလုံးဆိုင်ရာမျိုးဆက်တို့၏ အလေ့အထများ၊ ရှန်းကန်မှုများ၊ ယုံကြည်မှုများနှင့် လွှမ်းမိုးမှုများကို ဖော်ပြထားပါသည်။ ဘုရားသခင်၊ ယေရှု၊ သမ္မာကျမ်းစာနှင့် ခရစ်ယာန်အသင်းတော်အပေါ် သူတို့၏အမြင်များကို အချက်အလက်များဖြင့် ဖော်ပြထားပါသည်။ ဤလေ့လာတွေ့ရှိချက်သည် ကမ္ဘာလုံးဆိုင်ရာ ဤမျိုးဆက်တို့၏ ယုံကြည်ချက်ကို အနီးကပ်ကြည့်ရှုရာ၌ နားလည်ရန် အလွယ်ကူဆုံးသောနည်းဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။ ကမ္ဘာလုံးရှိ ထောင်ပေါင်းများစွာသော ဆယ်ကျော်သက်များထံမှ မမျှော်လင့်သော ရှာဖွေတွေ့ရှိမှုအချို့နှင့် မဖော်ပြသော ပုံပြင်များပါဝင်သည့် ဤမျိုးဆက်တို့၏ ပုံရိပ်တစ်ခုကို ကျွန်ုပ်တို့စုဆောင်းထားသော ရာပေါင်းများစွာသော အချက်အလက်များမှ ပုံဖော်ထားပါသည်။



နိုင်ငံပေါင်း (၂၀)

ဘာသာစကား (၁၄) မျိုး

ဒီဂျစ်တယ်နည်းစနစ်ဖြင့် ဆက်နွယ်ထားသော ဆယ်ကျော်သက် ၈၃၉၄ ယောက်

အသက် ၁၃ နှစ် မှ ၁ ၉ နှစ်

လေ့လာသုံးသပ်ထားသော အချက်ပေါင်း (၇၀)



အာဖရိက။: ကင်ညာ၊ နိုင်ဂျီးရီးယား၊ တောင်အာဖရိက (၁၂၇၅ ယောက်သော ဆယ်ကျော်သက်များကို လေ့လာသုံးသပ်ထားပါသည်)

အာရှ။: တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ ဗီယက်နမ် (၂၁၀၀ ယောက်သော ဆယ်ကျော်သက်များကို လေ့လာသုံးသပ်ထားပါသည်)

ယူရေးရှား။: အီဂျစ်၊ နယ်သာလန်၊ ပေါ်တူဂီ၊ ရိုမေးနီးယား၊ ရုရှား၊ စပိန်၊ ဗြိတိန်နိုင်ငံများ (၂၉၁၆ ယောက်သော ဆယ်ကျော်သက်များကို လေ့လာသုံးသပ်ထားပါသည်)

လက်တင်အမေရိက။: အာဂျင်တီးနား၊ ဘရာဇီး၊ ကိုလံဘီယာ၊ မက္ကဆီကို (၁၆၇၃ ယောက်သော ဆယ်ကျော်သက်များကို လေ့လာသုံးသပ်ထားပါသည်)


မြောက်အမေရိက။: အမေရိကန်ပြည်ထောင်စု (၄၁၀ ယောက်သော ဆယ်ကျော်သက်များကို လေ့လာသုံးသပ်ထားပါသည်)

---

*၁။ ကုလသမဂ္ဂ၏ လူဦးရေဌာန https://esa.un.org/unpd/wpp/DataQuery/*

# ဆယ်ကျော်သက်များအကြောင်း

ယောကျ်ားလေး ၅၁ %
မိန်းကလေး ၄၉ %




အခြားသော ဘာသာဝင်များ ၂၃%
- မူဆလင် ၁၂% • ဗုဒ္ဓ ၅% • ဟိန္ဒူ ၄%

ဘာသာမဲ့ ၃၄%
- ဘုရားမဲ့ ၁၅% • ဘာမှမရှိ ၁၃%
- ဘုရားမယုံကြည်သူ ၅%



ခရစ်ယာန် ၄၃%

ဤလေ့လာသုံးသပ်ချက်ကို ပုံမှန် အင်တာနက်အသုံးပြုနေသော အသက် ၁၃ နှစ် မှ ၁၉ နှစ်အရွယ်ရှိ လူငယ်များ ထံသို့ အွန်လိုင်းပေါ်မှတဆင့် ဝေငှထားပါသည်။ ဤရလဒ်များသည် ဆယ်ကျော်သက်အားလုံး၏ အမြင်ကို ဖော်ပြရန် ရည်ရွယ်ထားခြင်းမဟုတ်ဘဲ၊ ဒီဂျစ်တယ်နည်းစနစ်ဖြင့် အဆက်အသွယ်ရှိသောသူတို့၏ အမြင်သာလျှင် ရည်ရွယ်ထားခြင်း ဖြစ်ကြောင်း သတိပြုပါ။ အချက်အလက်ကို ကမ္ဘာအနှံ့အပြား၌ ကပ်ဘေးရောဂါအဖြစ် ကိုဗစ်ရောဂါ မဖြစ်ပွားမီ- ဖေဖော်ဝါရီလ ၂၄ မှ မတ်လ ၂၇၊ ၂၀၂၀ အကြားတွင် စုဆောင်းထားပါသည်။ ထိုအကျိုးဆက်ကြောင့် ဤလေ့လာသုံးသပ်ချက်သည် အိမ်တွင်း၌ ခိုလှုံရန်နှင့် အပြင်မထွက်ရန် အမိန့်များ ထုတ်ပြန်ခြင်းမပြုမီ၊ ဆယ်ကျော်သက်တို့၏ ယုံကြည်မှုများနှင့် အပြုအမူများကို ဖော်ထုတ်ထားပါသည်။

## *သုတေသနပြု အဖွဲ့ထံမှ*

ဤတင်ပြချက်မှ အသစ်သောသင်ခန်းစာတစ်စုံတစ်ခုကို သင်ရရှိသည်သာမက၊ မိမိအသက်တာ၌ ကယ်တင်ခြင်း သတင်းကောင်း မျှော်လင့်ချက်ကို- မျိုးဆက်တိုင်းကဲ့သို့- လိုအပ်နေသော ဤမျိုးဆက်ကိုယ်စား သင်၏စိတ်နှင့် နှလုံးသားကိုလည်း တို့ထိမည်ဟု ကျွန်ုပ်တို့မျှော်လင့်ထားပါသည်။ ဤလေ့လာမှု၏ အချက်အလက်တိုင်းသည် သူတို့၏ မျှော်လင့်ချက်များ၊ ကြောက်ရွံ့မှုများနှင့် ရုန်းကန်မှု အနေအထားတို့နှင့်အတူ များစွာသော ဆယ်ကျော် သက်တို့ကို ကိုယ်စားပြုပါသည်။ ၄င်းဆယ်ကျော်သက်တိုင်းတွင် အမည်၊ သမိုင်းနှင့် ထာဝရပန်းတိုင်များ ရှိကြသည်။ လူငယ်အယောက်စီတိုင်းသည် နှုတ်ကပတ်တော်အားဖြင့် ယေရှုနှင့် ထိတွေ့မှုရှိနိုင်ရန် ၄င်းပန်းတိုင်များကို အကောင်အထည်ဖော်ဖို့ OneHope အဖွဲ့မှ ဆက်ကပ်ထားပါသည်။

# ဘာသာရေးနှင့်ဆိုင်သော သဘောထားများနှင့် အပြုအမူများ

# ကျွန်ုပ်တို့ ရှာဖွေတွေ့ရှိချက်

## ကမ္ဘာ အနှံ့ရှိ ဆယ်ကျော်သက်များ-



တစ်ကမ္ဘာလုံးရှိ ထက်ဝက်ကျော် (၅၂%) သော ဆယ်ကျော်သက်များမှ ဘာသာရေးဆိုင်ရာ ကျမ်းများကို မိမိဘာသာဖတ်ရှုခြင်းမပြုကြကြောင်း ပြောပြထားပါသည်။

ဘုရားကျောင်းမတက်ကြသော ဆယ်ကျော်သက်များက သူတို့ကို တစ်ဦးတစ်ယောက်မှ ဖိတ်ခေါ်ခဲ့လျှင်၊ ဘုရားကျောင်းတက်ကြမည် ဟု ပြောကြပြီး၊ သူတို့သိသောခရစ်ယာန်များသည် ကြင်နာတတ်သောသူ၊ ကရုစိုက်တတ်သော သူများဖြစ်ကြောင်း ကိုလည်း ပြောပြထားပါသည်။

ဘာသာတရားအားလုံးသည် မှန်ကန်သော သမ္မာတရားများကို ညီတူညီမျှ သင်ပေးကြသည ဟု တစ်ကမ္ဘာလုံးရှိ ထက်ဝက်ကျော်(၅၂%)သော ဆယ်ကျော်သက်များမှ ယုံကြည်ကြသည်။ ခရစ်ယာန်များသည်လည်း မယုံကြည်သူများကဲ့သို့ ထိုအချက်ကို လက်ခံကြပါသည်။

တစ်ကမ္ဘာလုံးရှိ ဆယ်ကျော်သက် သုံးပုံနှစ်ပုံမှ သူတို့၏ ယုံကြည်မှု (သို့) ဝိညာဉ်ရေးရာခရီးသည် သူတို့ဘဝ၏ အရေးကြီးသောအစိတ်အပိုင်းတစ်ခု ဖြစ်သည်ဟု ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏လေ့လာတွေ့ရှိချက်အရဘာသာရေးဆိုင်ရာအခမ်းအနားတက်ရောက်ခြင်း၊ ကျမ်းဂန်သင်ယူလေ့လာခြင်းနှင့် ဆုတောင်းခြင်း တို့နှင့် ပတ်သက်လာလျှင်၊ ဘာသာတိုင်းတွင် မူဆလင်လူငယ်များသည် စည်းကမ်းအရှိဆုံး ဖြစ်ပါသည်။



## ခရစ်ယာန်ဆယ်ကျော်သက်များ-

လေ့လာသုံးသပ်ထားသည့် ဆယ်ကျော်သက် ၄၃% မှ သူတို့သည် ခရစ်ယာန်ဖြစ်သည်ဟု မိမိကိုယ်ကိုဝန်ခံထားကြပါသည်။





ဆယ်ကျော်သက် ၇% ကသာလျှင် ဆက်ကပ်မှုရှိသော ခရစ်ယာန် တစ်ဦး၏ ယုံကြည်ချက်များနှင့် အပြုအမူတို့ကို ပြသထားပါသည်။
*(စာမျက်နှာ ၈ တွင် ရှိသော အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ကြည့်ပါ)*

ခရစ်ယာန်ဖြစ်သည်ဟု မိမိကိုယ်ကိုဝန်ခံသော ဆယ်ကျော်သက် ၄၀% မှ သူတို့သည် သမ္မာကျမ်းစာကို ဖတ်ခဲ့ဖူးခြင်းမရှိဟု ပြောကြပါသည်။

ခရစ်ယာန်တို့၏ အဓိကယုံကြည်ချက်များကို စွဲကိုင်ကာ၊ သမ္မာကျမ်းစာဖတ်ရှုလေ့လာခြင်းနှင့် ဆုတောင်းခြင်းကို ပုံမှန် လုပ်ဆောင်တတ်ကြသောဆယ်ကျော်သက်များတွင် ကိုယ်ပိုင်ရှန်းကန်မှုများ သိသာစွာနည်းပါးကြောင်း တွေ့ရှိရပါသည်။


# ဘာသာရေးနှင့်ဆိုင်သော သဘောထားများနှင့် အပြုအမူများ

ဤသုတေသနလေ့လာမှုသည် ယနေ့ခေတ် ဆယ်ကျော်သက်များ၏ အသက်တာ၌ ယုံကြည်ခြင်းအခန်းကဏ္ဍနှင့် ဘာသာရေးလုပ်ရှားမှုကို သုံးသပ်ရာတွင် နားလည်လွယ်ကူစေပါသည်။

ဝိညာဉ်ရေးရာခရီးသည် သူတို့အတွက် မည်မျှလောက်အရေးကြီးသည်ဟု သူတို့ ပြောပါသနည်း။ သူတို့၏ယုံကြည်မှုကို မည်ကဲ့သို့ သူတို့ လက်တွေ့ အသုံးပြုကြသနည်း။ ဤလေ့လာချက်သည် ယနေ့ခေတ် ဆယ်ကျော်သက်များ၏ ဘာသာရေးဆိုင်ရာ သဘောထားများနှင့် အပြုအမူများ၊ သူတို့ဘဝ၏ အခြားကဏ္ဍအပေါ် ထိုအရာများ၏ ထိရောက်မှုကို ထင်ရှားစေပါသည်။

## ကမ္ဘာလုံးဆိုင်ရာ ဘာသာရေး အမှတ်အသား

တစ်ကမ္ဘာလုံးတွင် ယေဘုယျအားဖြင့် ဆယ်ကျော်သက်(၅)ယောက်တွင် (၂)ယောက်သည် ခရစ်ယာန်ဖြစ်ကြသည်။ (၄)ယောက်တွင် (၁)ယောက်သည် အခြားသောဘာသာဝင် ဖြစ်သည်။ (၃)ယောက်တွင် (၁)ယောက်သည် ဘာသာမဲ့၊ ဘုရားမဲ့ (သို့) ဘုရားရှိကြောင်းကို သက်ဝင်ယုံကြည်ခြင်းမရှိသောသူ ဖြစ်သည်။ ကျွန်ုပ်တို့လေ့လာထားသော ဘာသာတရားအားလုံးတွင် အာရှသည် ခရစ်ယာန်အနည်းဆုံးရှိသောနိုင်ငံဖြစ်သည့်အချိန်တွင် အာဖရိကသည် ခရစ်ယာန်အများဆုံးရှိသောနိုင်ငံ ဖြစ်ပါသည်။



# မိမိကိုယ်ကို ဆက်ကပ်သောလူနည်းစု

ထုံးတမ်းစဉ်လာခရစ်ယာန်ယုံကြည်မှုများနှင့် ကျင့်ဝတ်များကို လိုက်လျှောက်သော ခရစ်ယာန်ဆယ်ကျော်သက်များကို ကျွန်ုပ်တို့ ကျစ်ကျစ်လစ်လစ် လေ့လာသောအခါ၊ စိတ်ဝင်စားစရာအကောင်းဆုံး ယုံကြည်ခြင်းဆိုင်ရာတွေ့ရှိမှုအချို့ ပေါ်ပေါက်လာပါသည်။ သင့်ကိုယ်သင် ခရစ်ယာန်ဖြစ်သည်ဟု ခေါ်ဝေါ်ခြင်း၏အဓိပ္ပါယ်သည် လူပုဂ္ဂိုလ်၊ သူတို့၏ ပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအခြေအနေများအပေါ် မူတည်၍ အကြီးအကျယ် ပြောင်းလဲနိုင်ကြောင်း ကျွန်ုပ်တို့ သင်ယူခဲ့ပါသည်။ ဤသုတေသန၏ ရည်ရွယ်ချက်များအတွက် ဝမ်းဟောပ်မှ ယုံကြည်ချက်များနှင့် အပြုအမူများကို လိုက်လျှောက်သောသူသည် ဆက်ကပ်သောခရစ်ယာန်ဖြစ်သည် ဟူသော အဓိပ္ပါယ်ဖွင့်ဆိုချက်တစ်ခုကို  ပေးထားပါသည်။

## ဆက်ကပ်သော ဆယ်ကျော်သက်ခရစ်ယာန်များ၏ ထူးခြားချက် (၆)ချက်

- ဘုရားသခင်တည်ရှိကြောင်းနှင့် သူနှင့်အတူ ကိုယ်တိုင်ဆက်နွယ်မှု တည်ဆောက်နိုင်ကြောင်း ယုံကြည်သည်။
- အနည်းဆုံး အပတ်စဉ် ဆုတောင်းသည်။
- သမ္မာကျမ်းစာကို မိမိကိုယ်တိုင် အနည်းဆုံး အပတ်စဉ် ဖတ်ရှုသည်။



- ယေရှုသည် ဘုရားသခင်၏ သားတော်ဖြစ်ကြောင်း ယုံကြည်သည်။
- အပြစ်များအား ခွင့်လွှတ်ခြင်းသည် ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့်သာလျှင် ဖြစ်နိုင်ကြောင်း ယုံကြည်သည်။
- သမ္မာကျမ်းစာသည် ဘုရားသခင်၏နှုတ်ကပတ်တော် ဖြစ်ကြောင်း ယုံကြည်သည်။


**ဤဆယ်ကျော်သက်များတွင် သူတို့သည် Jehovah's Witnesses (သို့) Mormon များမဟုတ်ပဲ၊ ခရစ်ယာန်အဖြစ် မိမိကိုယ်ကိုဝန်ခံကြကြောင်းကို သတိပြုပါ။ ဆက်ကပ်သောခရစ်ယာန်များသည် Catholic, Seventh Day Adventist, Orthodox, (သို့) အခြားသော အသင်းတော်များလည်း ဖြစ်နိုင်ပါသည်။*

တစ်ကမ္ဘာလုံးတွင် ယေဘုယျအားဖြင့် ဆယ်ကျော်သက် (၁၄)ဦးတွင် (၁)ဦးကသာလျှင် ဆက်ကပ်သောခရစ်ယာန်များ ဟူသော ဤအဓိပ္ပါယ်ဖွင့်ဆိုချက်ကို လိုက်မှီနိုင်ပါသည်။ ကျွန်ုပ်တို့၏ ပုံသေနည်းအရ ၄၃% မှာ ခရစ်ယာန်ဖြစ်ခြင်းကို ဘာသာရေး တစ်ခုဟုသာ ခံယူချိန်တွင်၊ ၇% က သူတို့ ခရစ်ယာန်အသက်တာလျှောက်လှမ်းရာတွင် မိမိကိုယ်ကိုဆက်ကပ်ကြောင်း သူတို့၏ ယုံကြည်ချက်များနှင့် အပြုအမူများတွင် ပြသထားပါသည်။ ဆယ်ကျော်သက်အကြီးတို့သည် အငယ်တို့ထက် ပို၍ ဆက်ကပ်ကြသောခရစ်ယာန်များ ဖြစ်ပုံရပါသည်။ အသက် ၁၃ နှစ် မှ ၁၅ နှစ် အကြားရှိ ဆယ်ကျော်သက် ၅% သည် ဆက်ကပ်သော ခရစ်ယာန်များ ဖြစ်ကြပြီး၊ အသက် ၁၆ နှစ်မှ ၁၇ နှစ် အကြားတွင် ၆%၊ အသက် ၁၈ နှစ် မှ ၁၉ နှစ်အကြားတွင် ၈% သည်သာ ဆက်ကပ်သောခရစ်ယာန်များ ဖြစ်ကြသည်။

## အသက်အရွယ်အလိုက် ဆက်ကပ်သော ခရစ်ယာန်များ

| ၅% | ၆% | ၈% |
|---|---|---|
| ၁၃ မှ ၁၅ | ၁၆ မှ ၁၇ | ၁၈ မှ ၁၉ |

## ကမ္ဘာလုံးဆိုင်ရာ ဆက်ကပ်သော ခရစ်ယာန်များ





ကမ္ဘာလုံးဆိုင်ရာ ဆယ်ကျော်သက် (၁၄)ဦးတွင် (၁)ဦးထက်နည်းသော ခရစ်ယာန်ကသာ လျှင် အခြေခံခရစ်ယာန်ယုံကြည်ချက်များနှင့် အပြုအမူများကို ကျင့်သုံးရန် မိမိကိုယ်ကို ဆက်ကပ်ကြပါသည်။

***အမည်ခံခရစ်ယာန်များမှာ** မိမိကိုယ်ကို ခရစ်ယာန်အဖြစ် သတ်မှတ်ထားသော်လည်း၊ ဆက်ကပ်သောခရစ်ယာန်တစ်ဦးအနေဖြင့် လိုက်လျှောက်ရမည့် အဓိကယုံကြည်ချက်များနှင့် အကျင့်များကို တစ်ခု (သို့) ထိုထက်များသော အရာများကို စာမျက်နှာ(၈)တွင် ရှင်းပြထားသည့်အတိုင်း မလိုက်လျှောက်သောသူများ ဖြစ်ကြပါသည်။*

## ဘာသာရေးနှင့်ဆိုင်သော အပြုအမူ

ဆက်ကပ်သော ခရစ်ယာန်လူငယ်များသည် အမည်ခံခရစ်ယာန်အဖြစ် ဤလေ့လာသုံးသပ်ချက်မှ ရည်ညွှန်းထားသော- အခြားသော ဆယ်ကျော်သက် အမည်ခံခရစ်ယာန်များထက် ခြားနားသော ဘာသာရေးအပြုအမူများနှင့် ခံယူချက်များကို သိသာစွာ ပြသတတ်ကြပါသည်။ ဆက်ကပ်သောခရစ်ယာန်များသည် အမည်ခံ ဆယ်ကျော်သက် ခရစ်ယာန်များထက် အနည်းဆုံး အပတ်စဉ် ဘုရားဝတ်ပြုခြင်း၌ သုံးဆ ပို၍ တက်ရောက်ကြပါသည်။ သူတစ်ပါးထံသို့ သူတို့၏ယုံကြည်ခြင်းကို ဝေငှရန် သူတို့တွင် တာဝန်ရှိကြောင်းကို အခိုင်အမာယုံကြည်ပြီး၊ သတင်းကောင်း ဝေငှခြင်းဖြင့် သူတို့၏ခံယူချက်ကို လက်တွေ့ လုပ်ဆောင်နေကြပါသည်။ ဆက်ကပ်သောခရစ်ယာန်များသည် မယုံကြည်သူများနှင့်အတူ ဝိညာဉ်ရေးရာ တိုင်ပင်ဆွေးနွေးခြင်းအမှုကို အမည်ခံခရစ်ယာန်များထက် နှစ်ဆ ပိုမို လုပ်ဆောင်ကြပါသည်။




# ဆက်ကပ်ခြင်း၏ အကျိုးကျေးဇူးများ

လက်တွေ့ကျကျပြောရမည်ဆိုလျှင် ဆက်ကပ်သောခရစ်ယာန်တစ်ဦး၏ အသက်တာ၌ မည်သည့်အပြောင်းအလဲများ ကျွန်ုပ်တို့ တွေ့နိုင်သနည်း။ စုဆောင်းထားသော အချက်အလက်များမှ ဆက်ကပ်သောခရစ်ယာန်တစ်ဦး ဖြစ်ခြင်းတွင် ငြင်းပယ်၍မရသည့် ကောင်းသောအကျိုးကျေးဇူးများ ရှိနေကြောင်း ပြသထားပါသည်။

## ကိုယ်ပိုင် ရုန်းကန်မှုများ

*လွန်ခဲ့သော(၃)လအတွင်း ကျွန်တော်/မ တွေ့ကြုံခဲ့ရသောအရာ*





လွန်ခဲ့သော(၃)လ အတွင်းတွင် အခြားသော ဆယ်ကျော်သက်ခရစ်ယာန်များထက် ဆက်ကပ်သော ခရစ်ယာန်များတွင် စိတ်အားငယ်ခြင်း၊ မိမိကိုယ်ကို အကျိုးယုတ်စေသော အတွေးအခေါ်များ၊ (သို့) မိမိကိုယ်ကိုလုပ်ကြံရန် ကြိုးပမ်းမှုများ ပို၍နည်းပါးလျက်ရှိသည်။ သူတို့တွင် ဖိုမဖြစ်ခြင်း၌ စိတ်ရှုပ်ထွေးခြင်း (သို့) လိင်တူစွဲမက်ခြင်းတို့သည်လည်း ပို၍နည်းပါးကြောင်း သိရပါသည်။

ဆက်ကပ်သောခရစ်ယာန်များသည် အန္တရာယ်များသော အပြုအမူများနှင့် စိတ်ကျန်းမာရေးကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်တို့ တိုင်းတာသည့် အချက်အလက်အားလုံးနီးပါးတွင် အနည်းငယ်သာ တွေ့ရှိရပြီး၊ အမည်ခံခရစ်ယာန်များမှာ တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် ဆယ်ကျော်သက်အားလုံးနီးပါးတွင်ဖြစ်နေကြောင်း သုံးသပ်ရပါသည်။

# ကမ္ဘာလုံးဆိုင်ရာ ဆယ်ကျော်သက်များ၏ ဘာသာရေးနှင့်ဆိုင်သော အလေ့အထများ

ဆယ်ကျော်သက်များ၏ ဘာသာရေးဆိုင်ရာအလေ့အထများမှာ သူတို့နှင့် ယုံကြည်ခြင်းတူ အသိုင်းအဝန်းများနှင့် တကွ စုရုံးခြင်း၊ ကျမ်းစာများ ဖတ်ရှုခြင်းနှင့် ဆုတောင်းခြင်းတို့ဖြစ်ကြောင်း ကျွန်ုပ်တို့ တိုင်းတာထားပါသည်။ ဤအခန်းကဏ္ဍများတွင် မူဆလင်များ၊၁ ခရစ်ယာန်များ၊၂ နှင့် အခြားသော ဘာသာဝင် ဆယ်ကျော်သက်များ၏ လုပ်ဆောင်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။




၁ မူဆလင် လူဦးရေစာရင်းမှာ နိုင်ဂျီးရီးယား၊ အန္ဒိယနှင့် ကင်ညာနိုင်ငံတို့တွင်ရှိသော လူဦးရေ အနည်းငယ်အပါ အဝင်၊ အင်ဒိုနီးရှားနှင့် အီဂျစ်နိုင်ငံတို့၌ရှိသော လူဦးရေကို စုစည်းထားခြင်းဖြစ်ကြောင်း သတိပြုပါ။


၂ ဘာသာဝင်အလိုက် ကမ္ဘာလုံးဆိုင်ရာ ဆယ်ကျော်သက်များ ပျံ့နှံ့မှုနှုန်းကို စာမျက်နှာ (၇) တွင် ကြည့်ပါ။

## ကျမ်းစာများအား ဖတ်ရှုချိန်



ဆယ်ကျော်သက် ၅၂% မှ သူတို့သည် ဘာသာတရားနှင့်ဆိုင်သော ကျမ်းစာများကို မိမိဘာသာမိမိ ဖတ်ဖူးခြင်းမရှိဟု ပြောကြပါသည်။

## ဘုရားကျောင်းသို့ တက်ရောက်ခြင်း




ကျွန်ုပ်တို့လေ့လာထားသော ဆယ်ကျော်သက်များအားလုံးတွင် ဘာသာရေးကိုင်းရှိုင်းမှု အရှိဆုံးမှာ မူဆလင်များဖြစ်ကြသည်။ မူဆလင်ဆယ်ကျော်သက် (၁၀)ဦးတွင် (၁)ဦးမှ သူတို့၏ယုံကြည်မှုသည် သူတို့၏ဘဝတွင် အရေးကြီးသောအပိုင်းဖြစ်ကြောင်း ပြောပါသည်။ ဘာသာရေးကိုင်းရှိုင်းခြင်း၌ သူတို့သည် အခြားသော ဘာသာဝင်များထက် သာလွန်နေပါသည်။ မူဆလင်လူငယ်များသည် သူတို့၏ ဘာသာရေးဆိုင်ရာအလေ့အထနှင့် ပတ်သက်လာလျှင် အလွန်စည်းကမ်းရှိခြင်းကိုလည်း ပြသထားပါသည်။ ခရစ်ယာန် ၃၆% မှ သူတို့သည် နေ့စဉ် (သို့) အပတ်စဉ် ဘုရားကျောင်းတက်သည်ဟု ပြောနေချိန်တွင် ဆယ်ကျော်သက် မူဆလင် ၆၁% က သူတို့၏ ဗလီကျောင်းကို သွားကြသည်ဟု ပြောပါသည်။ ဆယ်ကျော်သက် ခရစ်ယာန် (၅)ဦးတွင် (၁)ဦးမှ သူတို့သည် ဘုရားကျောင်းသို့ ရောက်ဖူးခြင်းမရှိဟု ပြောပါသည်။

ကျွန်ုပ်တို့လေ့လာထားသော မူဆလင်လူငယ်များသည် သူတို့၏ ဘာသာရေးနှင့်ဆိုင်သော ကျမ်းစာဖတ်ခြင်းနှင့် ဆုတောင်းခြင်းတွင်လည်း စည်းကမ်းအရှိဆုံး ဖြစ်ကြသည်။ မူဆလင်များသည် သူတို့၏ ကိုရမ်ကျမ်းစာအား နေ့စဉ်(၃၆%) ဖတ်ရှုသည့် အကြိမ်သည် ဆယ်ကျော်သက်ခရစ်ယာန်များမှ သူတို့၏သမ္မာကျမ်းစာအား နေ့စဉ်(၁၁%)ဖတ်ရှုသည့်အကြိမ်ထက် သုံးကြိမ်မက ပိုများပါသည်။ ဆယ်ကျော်သက်ခရစ်ယာန် (၅)ဦးတွင် (၂)ဦးမှ မိမိ၏အသိဖြင့် သမ္မာကျမ်းစာကို ဖတ်ရှုခြင်းမရှိဟု ပြောပါသည်။


ကျမ်းစာဖတ်ရှုရန် အချိန်အနည်းဆုံးယူသူများ




မည်သည့်အခါမျှ ဖတ်ရှုခြင်းမရှိဟု ပြောသောရာခိုင်နှုန်း

ကျမ်းစာကို မည်မျှလောက် သူတို့ ဖတ်ရှုကြောင်းနှင့် နှိုင်းယှဉ်လျှင် ဆယ်ကျော်သက်တို့သည် ဆုတောင်းခြင်းအလေ့အထရှိတတ်ကြသည်ဟု ပြော၍ရပါသည်။ ဘာသာရေးကိုပဓာနမထားပဲ ကြည့်မည်ဆိုလျှင်၊ ဆယ်ကျော်သက် ၄၂% မှ သူတို့သည် နေ့စဉ် (သို့) အပတ်စဉ် ဆုတောင်းကြသည်ဟု ပြောကြပါသည်။ မူဆလင်များသည် ပို၍ စည်းကမ်းရှိကြပြီး၊ ၇၂% သည် နေ့စဉ် ဆုတောင်းကြသည်။ ဆယ်ကျော်သက် ခရစ်ယာန် ၄၁% မှ နေ့စဉ်ဆုတောင်းကြသည်ဟု မိမိကိုယ်ကို ပြောကြပြီး၊ အခြားသော ဘာသာဝင် ၃၃% မှလည်း နေ့စဉ် ဆုတောင်းကြသည်ဟု ပြောကြပါသည်။


# ဝိညာဉ်ရေးဆန်မှု သွင်ပြင်လက္ခဏာ



ဘုရားကျောင်းမတက်ဖူးသော ဆယ်ကျော်သက် **၄၁%** များမှ ဘုရားကျောင်းတက်ရန် သူတို့ကို ဖိတ်ခေါ်ပါက တက်ကြမည်ဟု ပြောပါသည်။

**၃၄%** မှ သေချာမှုမရှိသေးဟု ပြောပါသည်။

ခရစ်ယာန်များကို မသိပါ။





တစ်ကမ္ဘာလုံးရှိ ဆယ်ကျော်သက်များမှ သူတို့၏ ဘာသာရေးဆက်နွယ်မှုကို ပဓာနမထားပဲ၊ ဝိညာဉ်ရေးဆန်ခြင်းအယူအဆကို ထူးဆန်းစွာ လက်ခံလာကြသည်။ ကမ္ဘာအနှံ့ရှိ ဆယ်ကျော်သက် (၃)ဦးတွင် (၂)ဦးမှ သူတို့၏ယုံကြည်မှု (သို့) ဝိညာဉ်ခရီးသည် သူတို့ဘဝပန်းတိုင်၏ အရေးကြီးသောအပိုင်းဖြစ်သည်ဟု ပြောပါသည်။ မှတ်သားစရာတစ်ခုမှာ ဘာသာမရှိသော ဆယ်ကျော်သက်ထက်ဝက်နီးပါး (၄၄%)မှ ဤအရာကို ပြောပါသည်။

ဘုရားကျောင်းတက်ရောက်ရန် သူတို့ကို ဖိတ်ခေါ်ပါက သူတို့အနေဖြင့် လက်ခံနိုင်ဖွယ်ရှိသည်ဟုလည်း ဆယ်ကျော်သက်များမှ ပြောကြပါသည်။ ဘုရားကျောင်းမတက်သေးသော ဆယ်ကျော်သက် ၄၁% မှ သူတို့သည် ဖိတ်ခေါ်ခြင်းခံရလျှင် တက်ရောက်မည်ဟု ပြောကြပြီး၊ ၃၄% ကမူ သေချာမှုမရှိသေးဟု ပြောကြပါသည်။ (၄)ဦးတွင် (၁)ဦးကသာလျှင် တက်ရောက်မည်မဟုတ်ဟု ပြောပါသည်။ ယနေ့ခေတ်ဆယ်ကျော်သက်များသည် ဝိညာဉ်ရေးရာအတွေ့အကြုံများကို သူတို့ တွေ့ရှိနိုင်သောနေရာတိုင်း၌ လက်ခံရန် ရှာဖွေနေသူများ ဖြစ်ကြသည်။

ဆယ်ကျော်သက်များသည် သူတို့၏အသက်တာ၌ ယုံကြည်သူအပေါ် အကောင်းမြင်သော သဘောထားရှိကြသည်ဟု အချက်အလက်မှ ပြသထားပါသည်။ ယုံကြည်သူမဟုတ်သော ဆယ်ကျော်သက် ၇၁% မှ သူတို့သိသော ခရစ်ယာန်အများစုမှာ ကြင်နာတတ်သောသူနှင့် ဂရုစိုက်တတ်သောသူများဖြစ်ကြောင်း ပြောခဲ့ကြပါသည်။ သို့သော်လည်း အချို့သော အာရှနိုင်ငံများတွင် ဆယ်ကျော်သက်အများစုက သူတို့သည် ခရစ်ယာန်များကို လုံးဝသိရှိခြင်းမရှိဟု ပြောခဲ့ကြပါသည်။

## ဘုရားကျောင်းတက်ရောက်ခြင်းကို လက်ခံသည်။



# အရာရာသည် သမ္မာတရား ဖြစ်လာသောအခါ

သမ္မာတရားသည် ဘာသာတစ်ခုတည်း၌သာ တွေ့ရှိနိုင်သည်ဟု ပြောထွက်ရန် ယနေ့ခေတ် ဆယ်ကျော်သက်များမှ အလို မရှိကြပါ။ ဘာသာတရားအားလုံးသည် မှန်ကန်သောသမ္မာတရားများကို ညီတူညီမျှ သင်ပေးကြသည်ဟု တစ်ကမ္ဘာလုံးရှိ တစ်ဝက်ကျော်(၅၂%)သော ဆယ်ကျော်သက်များမှ ယုံကြည်ကြပါသည်။ ဆယ်ကျော်သက်ခရစ်ယာန်များအကြား တွင် ၅၃% မှ သဘောတူကြသည်။ အစ္စလာမ်ဘာသာ၊ ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာကဲ့သို့သော အချို့သောဘာသာဝင် ဆယ်ကျော်သက်များမှ ပို၍ယုံကြည်ကြသည်။

ဤအရာမှာ ယနေ့ခေတ် မျိုးဆက်၏ ဝိညာဉ်ရေးနှင့်ဆိုင်သော သဘောထားကျယ်ပြန့်မှု၏ရလဒ် ဖြစ်ပုံရပြီး၊ ဤစိတ်နေသဘောထားသည်လည်း နေရာဒေသအသီးသီးနှင့် ဘာသာအသီးသီးတွင် လူငယ်များ၏ ဝေငှသောအရာ ဖြစ်ပုံရသည်။ အမှန်ဆိုရလျှင် ယုံကြည်ခြင်းသည် သူတို့ဘဝ၏ အရေးကြီးသောအစိတ်အပိုင်းတစ်ခုဖြစ်မည် ဆိုပါက၊ ဆယ်ကျော်သက်များမှ ဤရပ်တည်ချက်(၆၇%)ကို အနည်းအကျဉ်းသာမဟုတ်ပဲ ပို၍ယူကြပါမည်။ ဤအရာသည် ယနေ့ခေတ်မျိုးဆက်၏ စိတ်ဝင်စားဖွယ်ကောင်းသော ဆန့်ကျင်ဘက်အယူဝါဒကို ရည်ညွှန်းထားပါသည်။ လူငယ်များသည် မည်သည့်နေရာ၌ သမ္မာတရားအား တွေ့ရှိနိုင်မည်ကို သီးခြားမမြင်ပဲ၊ သူတို့၏ဘဝ၌ ဝိညာဉ်ရေးလမ်းခရီးသည် အရေးကြီးသောအပိုင်းဖြစ်သည်ဟု အခိုင်အမာ ပြောဆိုပါသည်။ ဆယ်ကျော်သက်ခရစ်ယာန်တို့သည် ဤအယူအဆ၏ လွှမ်းမိုးခြင်းခံရသည်ဟု ထင်ရပါသည်။ အပြစ်ခွင့်လွှတ်ခြင်းသည် ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့်သာလျှင် ရရှိနိုင်သည် ဆိုသည့် အချက်ကို လူနည်းစု (၃၀%)ကသာလျှင် လက်မခံပဲ နေကြသည်။

ဘာသာတရားအားလုံးသည် မှန်ကန်သော သမ္မာတရားများကို ညီတူညီမျှ သင်ပေးကြသည်ဟု တစ်ကမ္ဘာလုံးရှိ ဆယ်ကျော်သက် (၅၂%)မှ ယုံကြည်ကြပါသည်။

ဆယ်ကျော်သက် ၄၆% မှ ဘာသာရေး (သို့) ဝိညာဉ်ရေးဆိုင်ရာ အကြောင်းအရာများကို မိမိ၏ယုံကြည်မှုအား ဝေငှခြင်းမရှိသောသူများနှင့် ဆွေးနွေးဖူးခြင်း မရှိဟု ပြောကြပါသည်။

ဝိညာဉ်ရေးနှင့်ဆိုင်သောယုံကြည်မှုသည် များသောအားဖြင့် ကိုယ်ရေးကိုယ်တာကိစ္စဖြစ်ပြီး၊ အများပြည်သူနှင့်ဆိုင်သောအရာ မဟုတ်ပါ။ ဆယ်ကျော်သက် ထက်ဝက်နီးပါး(၄၆%)မှ ဘာသာရေးနှင့်ဆိုင်သော (သို့) ဝိညာဉ်ရေးနှင့်ဆိုင်သော အရာများကို မိမိ၏ယုံကြည်ခြင်းအား ဝေငှခြင်းမရှိသောသူများနှင့် ဆွေးနွေးဖူးခြင်းမရှိဟု ပြောကြပါသည်။ (၁၀)ဦးတွင် (၃)ဦးခန့်မှ ဤကဲ့သို့ ဝိညာဉ်ရေးနှင့်ဆိုင်သော တိုင်ပင်ဆွေးနွေးမှုများကို လစဉ် (သို့) ထိုထက်မက လုပ်ဆောင်ခဲ့ကြသည်ဟု ပြောကြပြီး၊ ဆယ်ကျော်သက်ခရစ်ယာန်များသည် ပျမ်းမျှအားဖြင့် ဧဝံဂေလိဝေငှခြင်းကို လုပ်ဆောင်မှု သိပ်မရှိခဲ့ကြပေ။

## ဝိညာဉ်ရေးနှင့်ဆိုင်သော ဆွေးနွေးခြင်းများကို လုပ်ဆောင်ခြင်း

*ဘာသာရေး (သို့) ဝိညာဉ်ရေးနှင့်ဆိုင်သောအရာများကို ဆယ်ကျော်သက်များမှ မိမိ၏ယုံကြည်ချက်အား ဝေငှခြင်းမရှိသောသူများနှင့် မည်မျှလောက် ပြောဆိုခဲ့ကြသနည်း (လစဉ် (သို့) ထိုထက်မက)။*

| ဆယ်ကျော်သက်အားလုံး | ခရစ်ယာန် | မူဆလင် | အခြားသော ဘာသာဝင်များ |
|---|---|---|---|
| ၂၈% | ၃၂% | ၄၆% | ၃၅% |

**ဆယ်ကျော်သက်ခရစ်ယာန် ၄၄% မှ မိမိ၏ယုံကြည်ခြင်းကို သူတစ်ပါးထံ ဝေငှရန် သူတို့တွင် တာဝန်ရှိသည်ဟု မယုံကြည်ကြကြောင်း ဤလေ့လာချက်အရ တွေ့ရှိရပါသည်။**

# နီဂိုး

ဆယ်ကျော်သက်များ၏ ဘာသာရေးနှင့်ဆိုင်သော စိတ်နေသဘောထားများနှင့် အပြုအမူများ၏ ဤသရုပ်ဖော်ချက်သည် လက်တလောလုပ်ဆောင်သောအရာဖြစ်ကြောင်း သတိပြုမိရန် အရေးကြီးပါသည်။ ဤအလေ့အထများသည် လူငယ်များ၏ အသက်တာတွင် အတည်တကျဖြစ်မှုနှင့် ခြားနားနိုင်ပြီး၊ သူတို့ ကြီးပြင်းလာသည်နှင့်အမျှ အကြီးအကျယ်ပြောင်းလဲနိုင်ပါသည်။ သို့သော် လက်ရှိအချိန်တွင် ဤလေ့လာတွေ့ရှိချက်မှ ဆယ်ကျော်သက်များအပေါ် တန်ဖိုးရှိသော ထိုးထွင်းအမြင်ကို ကျွန်ုပ်တို့အား ပြင်ဆင်ပေးပြီး၊ လက်တွေ့ကျသော ပါဝင်ပတ်သက်မှုများနှင့် အသုံးချခြင်းများကိုလည်း ညွှန်ပြနိုင်ပါသည်။

- **ဤမျိုးဆက်၏ ဝိညာဉ်ရေးရာပွင့်လင်းမှုအပေါ် အမြတ်ထုတ်ခြင်း**
  ဤမျိုးဆက်သည် ဝိညာဉ်ရေးဆန်ခြင်း၏ သဘောတရားအပေါ် ပွင့်လင်းမှုကို  ပြသထားပြီး၊ မယုံကြည်သူအများစုသည် ဘုရားကျောင်းကို အလည်အပတ်သွားချင်ကြောင်း သူတို့ပြောကြပါသည်။ ထို့အပြင် ခရစ်ယာန်များသည် ကြင်နာတတ်ပြီး ဂရုစိုက်တတ်သောသူများဖြစ်သည်ဟု အကောင်းဘက်မှ ရှုမြင်တတ်ကြသည်။ လူသားများသည် ဝိညာဉ်သဘောဆန်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်ဟု အဆိုပြုချက်နှင့်အစပြုသော ဖိတ်ခေါ်ပြောဆိုခြင်းသည် ယုံကြည်ခြင်းအကြောင်းကို ပိုမိုနက်နဲစွာ လေ့လာဖော်ထုတ်ရန် တံခါးဖွင့်ပေးနိုင်ပါသည်။

- **ခရစ်တော်၏ နောက်လိုက်ခြင်းသည် ပင်ကိုယ်လက္ခဏာနှင့် စည်းကမ်းရှိခြင်းဖြစ်သည်။**
  အမည်ခံခရစ်ယာန်များ (သို့) အခြားသော ဆယ်ကျော်သက်များ၏ ဘဝအစစ်အမှန်နှင့် နှိုင်းယှဉ်လျှင်၊ ခရစ်ယာန်ဘာသာ၏ အရေးကြီးသော ယုံကြည်ချက်များ စွဲကိုင်ပြီး၊ ထိုအရာများကို ဆုတောင်းခြင်း၊ သမ္မာကျမ်းစာဖတ်ရှုခြင်း အလေ့အထနှင့် ဒွန်တွဲကျင့်ဆောင်သော ဆယ်ကျော်သက်များမှ သူတို့၏အသက်တာတွင် အပြုသဘောဆောင်သော ထူးခြားမှုများကို အများအပြား မြင်ကြပါသည်။ အဓိကယုံကြည်ချက်များနှင့် အကျင့်များကို အာရုံစိုက်သော ဤမျိုးဆက်ကို ပြုစုခြင်းသည် သူတို့ဘဝ၏ အစိတ်အပိုင်းများကို စနစ်တကျဖြစ်စေနိုင်ပါသည်။

- **အချို့သော သမ္မာတရားများသည် သီးသန့်ရှိရန် ရည်ရွယ်ထားပါသည်။**
  ဤလေ့လာချက်တွင် ဆယ်ကျော်သက်ခရစ်ယာန်များသည် သမ္မာတရား၏ သီးသန့်တည်ရှိမှုကို လက်ခံရန်နှင့် သူတစ်ပါးထံသို့ ထိုသမ္မာတရားအား ဝေငှရန် သူတို့၌ တာဝန်ရှိကြောင်းကို လက်ခံရန် မလိုလားကြပုံ ရပါသည်။ ကယ်တင်ခြင်းသတင်းကောင်းသည် တစ်ခုတည်းသာရှိကြောင်း အဆိုပြုချက်ကို ဆယ်ကျော်သက်များမှ နားလည်ရန်နှင့် သည်းခံခြင်းအကြောင်း၊ သတင်းကောင်းသီးသန့်မရှိကြောင်းကို ဟောပြောသော အသိုင်းအဝန်းတစ်ခုတွင် တင်းမာမှုကို ကိုင်တွယ်ရန် သူတို့ကို မည်ကဲ့သို့ ကျွန်ုပ်တို့ ကူညီရမည်နည်း။




# ကိုယ်ရေးကိုယ်တာ အတွေ့အကြုံများနှင့် ရှုန်းကန်မှုများ


# ကျွန်ုပ်တို့ ရှာဖွေတွေ့ရှိသောအရာ-

ဆယ်ကျော်သက်အများစုသည် သူတို့၏ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် ပတ်သက်၍ ရုန်းကန်နေကြရပြီး၊ အထီးကျန်ခြင်း၊ စိတ်အားငယ်ခြင်း၊ အလွန်စိုးရိမ်ခြင်းနှင့် မိမိကိုယ်ကိုသတ်သေရန် ကြံစည်ခြင်းနှင့် ကြိုးပမ်းခြင်းများကိုလည်း ပြောထွက်လေ့ရှိသည်။



ကမ္ဘာအနှံ့ရှိ ဆယ်ကျော်သက် **(၄)ဦးတွင် (၁) ဦး** သည် လွန်ခဲ့**သော(၃)လအတွင်း၌ မိမိကိုယ်ကို သတ်သေရန် အကြံအစည်ရှိကြောင်း** ပြောပါသည်။



ဆယ်ကျော်သက် **(၁၄)ဦးတွင် (၁)ဦး** သည် လွန်ခဲ့သော(၃) လအတွင်း၌ မိမိကိုယ်ကိုသတ်သေရန် **ကြိုးပမ်း ခဲ့ကြသည်** ဟု ပြောပါသည်။

**မိန်းကလေးများ**သည် ယောကျ်ားလေးများထက် သူတို့၏ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် ပတ်သက်လာလျှင် **ပိုရုန်းကန်ကြရပြီး မိမိကိုယ်ကို သတ်သေရန် (၂)ကြိမ်နီးပါး ကြိုးပမ်းခဲ့ကြသည်** ဟု ပြောလို့ရပါသည်။



### တစ်ကမ္ဘာလုံးရှိ ဆယ်ကျော်သက်များ



တစ်ကမ္ဘာလုံးရှိ ဆယ်ကျော်သက် **(၁၀)ဦးတွင် (၃)ဦး**သည် လွန်ခဲ့သော(၃)လအတွင်း၌ လိင်ဆက်ဆံကြသည်ဟု ပြောပါသည်။

### ခရစ်ယာန်များ



လိင်ဆက်ဆံမှုနှုန်းသည် **ခရစ်ယာန်များအကြားတွင် ပိုမြင့်မား သည်** (၃ ဦးတွင် ၁ ဦး)။

*မှတ်ချက်- ဤအရာသည် လက်မထပ်ရသေးသော ဆယ်ကျော်သက်များကို ရည်ညွှန်းပါသည်။*



ဆယ်ကျော်သက် **(၅)ဦးတွင် (၁)ဦး** သည် လွန်ခဲ့သော(၃)လအတွင်း၌ **လိင်ချင်းတူသော သူတစ်ဦးဦးကို လိင်ပိုင်းဆိုင်ရာစွဲလမ်းစိတ်ရှိခဲ့သည်** ဟု ပြောပါသည်။

# စိတ်ကျန်းမာရေးအပေါ် ဂရုတစိုက်ကြည့်ရှုခြင်း

ဆယ်ကျော်သက်အရွယ်သည် ကဏ္ဍအမျိုးမျိုး၌ အခက်အခဲပေါင်းစုံ ရင်ဆိုင်နေရသောအချိန် ဖြစ်ပါသည်။ ဆယ်ကျော်သက်များသည် သူတို့မည်သူမည်ဝါဖြစ်၍၊ မည်သူမည်ဝါဖြစ်လာပြီး၊ မည်သည့်နေရာ၌ အားသာလျက်၊ ဘဝတွင် မည်သည့်အရာကို သူတို့ ဆောင်ရွက်လိုသည်ဟူသော အချက်နှင့် လုံးပန်းနေရပါသည်။ ဖြစ်နိုင်ချေရှိသော စိတ်ကူးယဉ်ဆန်သည့် ဆက်နွယ်မှုများကို ရှာဖွေခြင်း၊ အရွယ်တူအတန်းဖော်များကြားတွင် သူတို့၏နေရာကို ရှာဖွေခြင်းများကို သူတို့ မဖော်ပြပါ။ လူငယ်များအတွက် ဖြစ်ပျက်နေသောအရာ အများအပြားရှိကြပြီး၊ ဤလေ့လာချက်အရ ပြင်းထန်သော ကိုယ်ပိုင်ရုန်းကန်မှုများနှင့် ရင်ဆိုင်တွေ့ကြုံနေရသူများတွင် ဆယ်ကျော်သက်များသည် ရှေ့ဆုံးတွင် ရောက်နေကြပါသည်။

ဆယ်ကျော်သက်(၃)ဦးတွင် (၁)ဦးသည် အထီးကျန်ခြင်းကို ခံစားရသည်ဟု ဖော်ပြပြီး၊ ထက်ဝက်ကျော်သည် အလွန်စိုးရိမ်ခြင်း၊ တစ်ဝက်နီးပါးသည် စိတ်ဓါတ်ကျခြင်းကို ခံစားရသည်ဟု ပြောဆိုပါသည်။[၁] ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလမှ မတ်လအထိ စုဆောင်းထားသော အချက်အလက်အရ၊ လွန်ခဲ့သော(၃)လအတွင်း ဆယ်ကျော်သက်များသည် သူတို့၏ ကိုယ်ရေးအတွေ့အကြုံများနှင့် ရုန်းကန်မှုများကို ဖော်ပြကြပါသည်။ ဤအရာ၏ဆိုလိုရင်းမှာ လူများအား အသွားအလာပိတ်ဆို့ခြင်းနှင့် ထိန်းသိမ်းခြင်းအားဖြင့် တစ်ကမ္ဘာလုံးကို ရိုက်ခတ်သော ကိုဗစ်ဘေးဒဏ်ကို လူများသည် နေရာအနှံ့ ကြုံတွေ့ခြင်းမရှိမီ၊ ဆယ်ကျော်သက်များ၏ ဘဝ၌ အထီးကျန်ခြင်း၊ အလွန်စိုးရိမ်ခြင်းနှင့် စိတ်ဓါတ်ကျခြင်းတို့ကို ထင်ဟပ်စေပါသည်။

## ကမ္ဘာလုံးဆိုင်ရာ စိတ်ကျန်းမာရေးအခြေအနေ

*လွန်ခဲ့သော(၃)လအတွင်း အောက်ပါအချက်များကို ကျွန်တော်/မ ကြုံတွေ့ရပါသည်။*

အထီးကျန်ခြင်း




အလွန်စိုးရိမ်ခြင်း




စိတ်ဓါတ်ကျခြင်း




*၁ ကျေးဇူးပြုပြီး မှတ်သားပါ။ ဤအရာများသည် ကျန်းမာရေးအခြေအနေကြောင့် စိတ်ဓါတ်ကျခြင်း (သို့) အလွန်စိုးရိမ်ခြင်းအဆင့်သို့ ရောက်သည်ဟု မဆိုလိုပါ။ ဆယ်ကျော်သက်များသည် စကားလုံးများကို သူတို့ဘာသာ သူတို့ အဓိပ္ပါယ်ဖွင့်ဆိုကြပြီး၊ ထိုအရာများကို သူတို့ တွေ့ကြုံရသည်ဟု ခံစားခဲ့လျှင် မိမိကိုယ်ကို ပြောပြပါသည်။*

လွန်ခဲ့သော(၃)လအတွင်း၌ ဆယ်ကျော်သက်များသည် မိမိကိုယ်ကို သတ်သေရန် ကြံစည်ခြင်း (သို့) သတ်သေရန် ကြိုးပမ်းမှုများ လုပ်ဆောင်ခဲ့ပါက မိမိကိုယ်ကိုဖွင့်ပြောရန် သူတို့ကို ကျွန်ုပ်တို့ တောင်းဆိုခဲ့ပါသည်။

ကမ္ဘာ့အနှံ့ရှိဆယ်ကျော်သက် (၄)ဦးတွင် (၁)ဦးသည် မိမိကိုယ်ကိုသတ်သေရန် ကြံစည်ကြောင်း ဖွင့်ပြောပြီး၊ နိုင်ငံ(၄)နိုင်ငံမှ သူတို့၏နိုင်ငံအသီးသီးရှိ (၃)ဦးတွင် (၁)ဦး (သို့) ထိုထက်မကသောသူများမှ ကြံစည်ကြောင်း၊ ကြိုးပမ်းကြောင်း ဖော်ပြထားပါသည်။ မိမိကိုယ်ကိုသတ်သေရန် တွေးခေါ်ခြင်းသည် အမှတ်မထင် ရောက်ရှိလာနိုင်သည်သာမက အလွန်အထီးကျန်သည်ဟု တွေးခေါ်ခြင်းကြောင့်လည်း ထိုအတွေးမှတစ်ဆင့် အသေးစိတ် ကြံစည်သည်အထိ ဖြစ်လာနိုင်ပါသည်။

> ကမ္ဘာ့အနှံ့ရှိဆယ်ကျော်သက် (၄)ဦးတွင် (၁)ဦးသည် မိမိကိုယ်ကို သတ်သေရန် ကြံစည်ကြကြောင်း ဖွင့်ပြောပါသည်။

## ဦးဆောင်နေသော နိုင်ငံများ

**မိမိကိုယ်ကိုသတ်သေရန် ကြံစည်မှုများ**

၁။ အမေရိကန် ၃၅%
၂။ မက္ကဆီကို ၃၅%
၃။ ဗြိတိန် ၃၅%
၄။ ဘရာဇီး ၃၃%

**မိမိကိုယ်ကိုသတ်သေရန် ကြိုးပမ်းမှုများ**

၁။ ၁၇% အိန္ဒိယ
၂။ ၁၄% မက္ကဆီကို
၃။ ၁၂% အာဂျင်တီးနား
၄။ ၁၁% ကိုလံဘီယာ

အမှန်ဆိုရလျှင်၊ မိမိကိုယ်ကိုသတ်သေရန် ကြံစည်မှုတိုင်းသည်လည်း တကယ့်လက်တွေ့ ကြိုးပမ်းမှုများသို့ မပို့ဆောင်ပါ။ သို့သော်လည်း တစ်ကမ္ဘာလုံးအနေဖြင့် ဆယ်ကျော်သက် ၇% (၁၄ ဦးတွင် ၁ ဦး) သည် လွန်ခဲ့သော(၃)လအတွင်း၌ မိမိကိုယ်ကိုသတ်သေရန် အမှန်တကယ်ကြိုးပမ်းခဲ့ကြောင်း ဖွင့်ပြောပြီး၊ နိုင်ငံ(၄) နိုင်ငံတို့မှ (၁၀)ဦးတွင် (၁)ဦး[၁] ထက်မကသောသူများမှာ ကြိုးပမ်းမှုနှုန်းပိုများကြောင်း ဖော်ပြထားပါသည်။

မိမိကိုယ်ကိုသတ်သေရန် ကြိုးပမ်းမှုနှင့် ပတ်သက်၍ ဤလေ့လာချက်၏ မှတ်သားဖွယ်ရာတွေ့ရှိချက်မှာ အသက်ပိုငယ်သော ဆယ်ကျော်သက်များသည် အသက်ပိုကြီးသော ဆယ်ကျော်သက်များထက် ပို၍ ဖွင့်ပြောကြပါသည်။

## အသက်အရွယ်အလိုက် မိမိကိုယ်ကိုသတ်သေရန် ကြိုးပမ်းမှုများ


| ၈% | ၇% | ၆% |
|---|---|---|
| ၁၃-၁၅ | ၁၆-၁၇ | ၁၈-၁၉ |

၁ ဤအချက်အလက်သည် ဆယ်ကျော်သက်များမှ မိမိကိုယ်တိုင်ဖွင့်ပြောသောအရာဖြစ်ပြီး၊ ဆေးရုံမှတ်တမ်းများ (သို့) ဤအကြောင်းအရာအပေါ် အခြားသောသုတေသီအဖွဲ့၏ တွေ့ရှိချက်ကို အခြေခံ၍ တင်ပြသော နိုင်ငံအတွင်း အမှုအမျိုးမျိုးမှ ရယူထားခြင်းမဟုတ်ကြောင်း သတိပြုရန် အရေးကြီးပါသည်။

# ဆယ်ကျော်သက်များသည် အမှောင်ကျသောနေရာများတွင် ရှိကြသည်။

ဤအကြောင်းအရာအပေါ် သုတေသနစာပေမှ LGBT အရေး (ပင်ကိုယ်လိင်ဖြစ်တည်မှုအပေါ် မကျေနပ်ခြင်း)၊ ဥစ္စာခနအလွဲသုံးစားခြင်း၊ အနိုင်ကျင့်ခြင်းနှင့် စိုးရိမ်ခြင်း (သို့) စိတ်ဓါတ်ကျခြင်း၏လက္ခဏာများသည် မိမိကိုယ်ကိုသတ်သေရန်အတွက် လူငယ်တစ်ဦး၏ အရဲစွန့်ခြင်းနှင့် ဆက်စပ်မှုရှိနိုင်သော အကြောင်းရင်းများဖြစ်ကြောင်း ရည်ညွှန်းထားပါသည်။[၁] ကျွန်ုပ်တို့၏ ရှာဖွေတွေ့ရှိချက်သည် အလားတူဆက်စပ်မှုကို ဖော်ပြထားပါသည်။ စိတ်ကျန်းမာရေးပြဿနာ ရင်ဆိုင်နေရသူများနှင့် လိုင်းပေါ်မှ အနိုင်ကျင့်ခြင်းခံရသော ဆယ်ကျော်သက်များအပါအဝင်၊ ဖိုမကိစ္စ (သို့) လိင်တူစွဲမက်ခြင်းနှင့် ရုန်းကန်နေရသော ဆယ်ကျော်သက်များတွင် မိမိကိုယ်ကိုသတ်သေရန် အရဲစွန့်မှု ပိုများနိုင်ပါသည်။ အရက်သေစာသုံးစွဲခြင်း၊  အပန်းဖြေရေးအတွက် မူးယစ်ဆေးဝါးသုံးစွဲခြင်းသည်လည်း မိမိကိုယ်ကိုသတ်သေရန် ကြံစည်ခြင်းနှင့် ကြိုးပမ်းမှုနှုန်းကို ပိုမိုမြင့်မားစေနိုင်ပါသည်။

## မိမိကိုယ်ကိုသတ်သေရန် ပိုမိုအရဲစွန့်ခြင်းနှင့် ဆက်နွယ်နေသော အချက်(၇)ချက်





မိမိကိုယ်ကိုသတ်သေရန် ကြံစည်ကြိုးပမ်းခြင်းသည် ဘဝ၏တန်ဖိုးကို အလေးမထားပဲ ထိုသို့လုပ်ဆောင်ရန် ကြံစည်ကြိုးပမ်းလာသည်အထိ  ဆိုးသွမ်းသောအပြုအမူများ ဆက်လက်တည်ရှိသောကြောင့် ဖြစ်သည်။ ဆယ်ကျော်သက်များသည် မိမိ၏အသက်ကို ကိုယ်တိုင်နှုတ်ယူရန် အစပျိုးပေးသောဖြစ်ရပ်မှာ တစ်ခုတည်းသာဖြစ်ရမည်ဟု မဆိုလိုပါ။ သို့သော်၊ ထိုသို့ ဖြစ်မြောက်လာအောင် သေးငယ်သောအဆင့်ဆင့်များနှင့် အတွေးအခေါ်များကြောင့်လည်း ဖြစ်နိုင်ပါသည်။ ကျွန်ုပ်တို့၏လေ့လာချက်အရ၊ ဆယ်ကျော်သက်များ၏ ကြိုးပမ်းမှုအချို့တို့သည် ကျန်းမာရေးစစ်ဆေးမှုများလိုအပ်လာသည်အထိ စိုးရိမ်ရသောအခြေအနေ မဟုတ်ပါ။

သို့သော်၊ အသေးစိတ်အခြေအနေများကို ပဓာနမထားဘဲ၊ ဤအချက်အလက်သည် မျှော်လင့်ချက်စွန့်လွှတ်သည်အထိ သူတို့ကို တွန်းပို့နေသည့် အမှောင်ထုထဲတွင် အချို့သောဆယ်ကျော်သက်များ ရှိနေကြောင်းကို ပြသထားပါသည်။ ဤအချက်အလက်သည် ဆယ်ကျော်သက်များ၏အသက်တာတွင် ဤကိစ္စ၏ စိုးရိမ်ရသောအခြေအနေနှင့် ပျံ့နှံ့နေသောပမာဏအပေါ် ဆိုင်းငံ့ရန်နှင့် တန်ပြန်ရန် အကြောင်းတရားကို ပေးပါသည်။ သေကြောင်းကြံသည့်အခြေအနေ ရောက်လာသောအခါ၊ စာအုပ်ထဲရှိ စာမျက်နှာများ (သို့) နမူနာအချိုးအစားများကို ကျွန်ုပ်တို့ မကြည့်ဘဲ၊ စစ်မှန်သောလူများ၏ အသက်တာကိုသာ ကြည့်ပါသည်။

*၁ သေခြင်းတရားအကြောင်းရင်းကို ဖော်ပြသော သေဆုံးခြင်းအကြောင်းရင်းအမျိုးမျိုး မှတ်တမ်းများ ၂၀၁၅-၂၀၁၇။ CDC WONDER Online Database, AmericasHealthRankings.org, Accessed 2020.*

## မိန်းကလေးများသည် ပို၍ ရှုန်းကန်ရသည်။

သူတို့၏ စိတ်ကျန်းမာရေးရှုမြင်သုံးသပ်ချက်နှင့် ပတ်သက်လာလျှင် ဆယ်ကျော်သက်မိန်းကလေးများသည် ဆယ်ကျော်သက်ယောကျ်ားလေးများထက် ပို၍ ရုန်းကန်နေရပါသည်။ မိန်းကလေးများသည် သူတို့တွေ့ကြုံနေရသော ရုန်းကန်မှုများကို အော်ပြောရန် လွတ်လပ်မှုပိုရှိသည်ဟု ခံစားနေကြရသည်လည်း ဖြစ်နိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ ယောကျ်ားလေးနှင့် မိန်းကလေးများအကြား အလွန်ကွာခြားမှုများမှာ နေရာဒေသအသီးသီးနှင့် ဘာသာတိုင်းတွင်ရှိနေကြောင်း မှတ်ချက်ချနိုင်ပါသည်။





မှတ်သားဖွယ်ရာတစ်ခုမှာ ဆက်ကပ်သောခရစ်ယာန်တစ်ဦးဖြစ်သည့်တိုင် ဤဖြစ်စဉ်တွင် ပြောင်းလဲခြင်းမရှိပါ။ ဆက်ကပ်သောခရစ်ယာန်များအကြားတွင် ကိုယ်ပိုင်ရုန်းကန်မှုနှုန်းမှာ ပိုနည်းနေကြောင်း တွေ့ရသော်လည်း ဤအကြောင်းအရာနှင့်ပတ်သက်၍ ယောကျ်ားလေးများနှင့် မိန်းကလေးများအကြားတွင် သိသာသောကွာဟမှုရှိနေဆဲ ဖြစ်ပါသည်။

# ဆယ်ကျော်သက်များနှင့် လိင်ကိစ္စ

ဆယ်ကျော်သက်အရွယ်ရောက်ချိန်သည် လိင်ပိုင်းဆိုင်ရာ လက်တွေ့စမ်းသပ်  ပြုလုပ်ချင်စိတ်ရှိသောအချိန် ဖြစ်ပါသည်။ ကမ္ဘာအနှံ့ရှိ ဆယ်ကျော်သက် (၁၀)ဦးတွင် (၁)ဦးသည် လွန်ခဲ့သော(၃)လအတွင်း၌ လိင်ဆက်ဆံမှုပြုခဲ့ကြကြောင်း ဖော်ထုတ်ပါသည်။ ဤအရာသည် ဖြစ်နိုင်ချေရှိသောအပြုအမူများ၏ ကျယ်ပြန့်သောအကြောင်းရပ်တစ်ခုကို ကိုယ်စားပြုနိုင်ပါသည်။ သို့သော် ဤမေးခွန်းကို တုံ့ပြန်သည့်အနေဖြင့် ဆယ်ကျော်သက်များမှ လိင်ဆက်ဆံခြင်း၏ အဓိပ္ပါယ်ကို သူတို့ကိုယ်သူတို့ သတ်မှတ်ကြသည်။ အိမ်ထောင်ပြင်ပလိင်ကိစ္စကိုသာ ကိုယ်စားပြုသော ဤကိန်းဂဏန်းအချက်အလက်ကို သေချာစေရန် အိမ်ထောင်ပြုသည်ဟု ဖွင့်ပြောသော ဆယ်ကျော်သက်များကို နုတ်ထားပါသည်။ အာဖရိကတွင်ရှိသော ဆယ်ကျော်သက်များတွင် ဖိုမဆက်ဆံမှု ပိုများပြီး၊ အာရှတွင်ရှိသော ဆယ်ကျော်သက်များတွင် ပိုနည်းကြောင်း သိရသည်။

## လက်ထပ်ခြင်းမပြုမီ လိင်ဆက်ဆံခြင်းသည် ပြဿနာရှိပါသလား။




## အသက်အရွယ်အလိုက် လိင်ဆက်ဆံခြင်း


ပို၍အသက်ငယ်သော ဆယ်ကျော်သက် (၁၃-၁၅) များ နှင့် နှိုင်းယှဉ်လျှင် ပို၍အသက်ကြီးသော ဆယ်ကျော်သက် (၁၈-၁၉) များတွင် ဖိုမဆက်ဆံခြင်း သုံးဆ ပိုမိုမြင့်မားပါသည်။

သို့သော်လည်း (၁၆)နှစ်အောက် ဆယ်ကျော်သက် (၁၀) ဦးတွင် (၁)ဦးထက်မကသောသူများသည် မကြာခင်က လိင်ဆက်ဆံကြောင်းကို ဖွင့်ပြောလျက် ရှိပါသည်။ မည်သည့်အသက်အရွယ်မဆို အမည်ခံခရစ်ယာန်များအကြားတွင် လိင်ဆက်ဆံမှုနှုန်း ပိုမြင့်မားပါသည်။ ယောက်ျားလေးများနှင့် မိန်းကလေးများသည် လိင်ဆက်ဆံမှုနှုန်းတွင် ဆတူညီမျှနီးပါးဖြစ်ကြောင်း သိရသည်။





## ဆယ်ကျော်သက်ခရစ်ယာန်များ၏ တုံ့ပြန်မှု

ဖိုမကိစ္စနှင့် ထိတွေ့မှုရှိခြင်းသည် ဆယ်ကျော်သက်အချို့မှ သူတို့၏ ကိုယ်ကျင့်တရားနှင့်ဆိုင်သော ယုံကြည်ချက်များ စွန့်လွှတ်သည့် အပြုအမူတစ်ခု ဖြစ်ပုံရပါသည်။ ခရစ်ယာန်များသည် အခြားဘာသာဝင် ဆယ်ကျော်သက်များထက် မကြာသေးမီက ဖိုမဆက်ဆံမှုပျမ်းမျှနှုန်း ပိုများပုံရပါသည်။




## လက်ထပ်ခြင်းမပြုမီ လိင်ဆက်ဆံခြင်းသည် ပြဿနာရှိပါသလား။



# ညစ်ညမ်းသောဓါတ်ပုံ၊ ရုပ်ရှင်သည် စစ်မှန်သောပြဿနာတစ်ခု ဖြစ်ပါသည်။

ဆယ်ကျော်သက်ထက်ဝက်နီးပါး (၄၈%)သည် ညစ်ညမ်းသောဓါတ်ပုံ၊ ရုပ်ရှင်ကို ကြည့်ရှုရန် သဘောတူကြပါသည်။

လွန်ခဲ့သော(၃)လအတွင်း၌ မိန်းကလေးများထက် ယောကျ်ားလေးများသည် ညစ်ညမ်းသောဓါတ်ပုံ၊ ရုပ်ရှင်တို့ကို ပို၍ ကြည့်ရှုကြပါသည် (၅၆% နှင့် ၄၀%)

အသက်ပိုကြီးသော ဆယ်ကျော်သက်များသည် အသက်ပိုငယ်သော ဆယ်ကျော်သက်များထက် ညစ်ညမ်းသောဓါတ်ပုံ၊ ရုပ်ရှင်တို့ကို ပိုမိုကြည့်ရှုကြောင်းကို စုဆောင်းထားသော အချက်အလက်ထဲတွင် တွေ့ရကာ၊  အသက်အရွယ်အလိုက် ခြားနားပါသည်။ သို့သော် ငယ်ရွယ်သူတိုင်းသည် ဤအရာကို ရှောင်ရှားသည်ဟု အာမ မခံပါ။ အသက် ၁၃-၁၅ နှစ်ရှိသော သူများအကြား၌ (၅)ဦးတွင် (၂)ဦးမှ သူတို့သည် မကြာသေးမီတွင် ညစ်ညမ်းသောဓါတ်ပုံ၊ ရုပ်ရှင်စသည် တို့ကို ကြည့်ရှုကြသည်ဟု ပြောကြပါသည်။

> ဆယ်ကျော်သက် ၄၈% မှ သူတို့သည် မကြာသေးမီက ညစ်ညမ်းသောဓါတ်ပုံ၊ ရုပ်ရှင်စသည်တို့ကို ကြည့်ရှုကြသည်ဟု ပြောကြပါသည်။

## အသက်အရွယ်အလိုက် ညစ်ညမ်းသောဓါတ်ပုံ၊ ရုပ်ရှင် ကြည့်ရှုမှုနှုန်း




## ဆယ်ကျော်သက်ခရစ်ယာန်များ၏ တုံ့ပြန်မှု



# နိဂုံး

ဆယ်ကျော်သက်များ ဖွင့်ပြောသော ရှုန်းကန်မှုများသည် ကျွန်ုပ်တို့နှင့် နက်နဲစွာသက်ဆိုင်သင့်ပါသည်။ လူငယ်အယောက်စီတိုင်း၏ အခြေအနေသည် ခြားနားနိုင်ပြီး၊ သူတို့ ရင်ဆိုင်နေသည့် စိန်ခေါ်မှုများကို  ဖြေရှင်းမည့်သူတစ်ယောက်မျှ မရှိပါ။ သို့သော် ဆယ်ကျော်သက်များမှ သူတို့တွေ့ကြုံနေရသည်ဟု သူတို့ ဖွင့်ပြောသော ဘဝအစစ်အမှန်များ၏ သဘောသဘာဝနှင့် စိုးရိမ်ခြင်းကို ကျွန်ုပ်တို့သတိထားမိရန် အရေးကြီးပါသည်။ စာနာခြင်းမှ လက်တွေ့လုပ်ဆောင်ခြင်းသို့ ကျွန်ုပ်တို့ ရှေ့ဆက်လျှောက်လာမည်ဆိုရင် ကျွန်ုပ်တို့ထည့်သွင်းစဉ်းစားရမည့်အရာများမှာ  အောက်ပါအတိုင်း ဖြစ်ပါသည်။

- **ဆယ်ကျော်သက်ခရစ်ယာန်များသည် ဖိုမကိစ္စနယ်ပယ်တွင် ပြုစုပျိုးထောင်ပေးဖို့ လိုအပ်ပါသည်။**

  ယနေ့ခေတ် လူငယ်အများစုသည် လက်ထပ်ခြင်း၏ သန့်ရှင်းမွန်မြတ်မှုမှ ကင်းကွာကြပြီး၊ ထိုအရာကို တစ်ဦးချင်းစီ၏ သာယာဖို့အတွက်သာဖြစ်သည်ဟု သဘောထားကြသည်။ ဆက်ကပ်သောခရစ်ယာန်များမှ လက်မထပ်မီ ဖိုမဆက်ဆံခြင်းသည် မှားယွင်းသောအရာဖြစ်သည်ဟု ခံယူကြသော်လည်း၊ ကိုယ်ကျင့်တရားနှင့်ဆိုင်သော သူတို့၏ယုံကြည်မှုသည် ဖိုမကိစ္စထိတွေ့ခြင်းမှ သူတို့ကို မစောင့်ရှောက်နိုင်ပါ။ သမ္မာကျမ်းစာတွင် ပြောသောအရာကို သင်ပေးရုံမျှသည် မလုံလောက်ပါ။ ဖိုမကိစ္စ၏ပါရမီကို တန်ဖိုးထားပြီး စောင့်ရှောက်သော ဘာသာရေးကိုင်းရှိုင်းသည့်အသက်တာဖြင့် အသက်ရှင်နိုင်ရန် လူငယ်များကို ကျွန်ုပ်တို့ မည်သို့လမ်းပြရမည်နည်း။

- **ညစ်ညမ်းသောဓါတ်ပုံ၊ ရုပ်ရှင် အသုံးပြုခြင်းသည် ဤမျိုးဆက်အတွက် ကိုင်တွယ်ရမည့် အရေးပါသောကိစ္စတစ်ခု ဖြစ်ပါသည်။**

  ဆယ်ကျော်သက်များကို ညစ်ညမ်းသော ဓါတ်ပုံ၊ ရုပ်ရှင်များ မကြည့်ရှုရန် အသက်အရွယ် (သို့) ဘာသာရေးသည် သူတို့ကို ကာကွယ်နိုင်သည်ဟု ကျွန်ုပ်တို့ မယူဆနိုင်ကြောင်း စုဆောင်းထားသောအချက်အလက်မှ ပြသထားပါသည်။ ခရစ်ယာန်ယုံကြည်ချက်များကို စွဲကိုင်ပြီး၊ ခရစ်ယာန်စည်းမျဉ်းစည်းကမ်းများကို လိုက်နာသော ဆယ်ကျော်သက်ခရစ်ယာန်များပင်လျှင် ဤကိစ္စတွင် ရုန်းကန်ကြပါသည်။

- **မိန်းကလေးများသည် ဝိုင်းဝန်းကူညီမှုကို ပို၍လိုအပ်ကြပါသည်။**

  ဖိုမသဘောအရ တစ်ဦးချင်းစီ ရုန်းကန်မှုနှုန်း၏ ခြားနားချက်များသည် ငြင်းလို့မရပါ။ မိန်းကလေးများအကြား ပိုမြင့်သော နှုန်းထားများကိုလည်း လျစ်လျူရှု၍ မရပါ။ ဆက်ကပ်သောခရစ်ယာန်ဖြစ်ခြင်းမှ ယေဘုယျအားဖြင့် ကူညီနိုင်သော်လည်း၊ ဖိုမကွာဟမှုကို မတားဆီးနိုင်ပါ။ မိန်းကလေးများ ရင်ဆိုင်နိုင်ဖွယ်ရှိသော တမူထူးသည့် ရုန်းကန်မှုများအကြောင်းနှင့် ယုံကြည်ခြင်း၌ရင့်ကျက်သော အမျိုးသမီးများမှ ဤမျိုးဆက်ကို ထိန်းသိမ်းကြပ်မတ်ရန် သူတို့ကို ကျွန်ုပ်တို့ မည်ကဲ့သို့ ခွန်အားပေးနိုင်ကြောင်းကို စဉ်းစားပါ။



# ဒီဂျစ်တယ်နည်းစနစ် ဆက်သွယ်မှုများနှင့် အကျိုးသက်ရောက်မှု

# ကျွန်ုပ်တို့ ရှာဖွေတွေ့ရှိသောအရာ



ဆယ်ကျော်သက်များသည် ပျမ်းမျှ အားဖြင့် နေ့စဉ် (၇)နာရီနှင့် (၂၃)မိနစ် ခန့် အွန်လိုင်းကို အသုံးပြုကြသည်။

အင်တာနက်အလွန်အကျွံအသုံးပြုသော (နေ့စဉ် ၁၀ နာရီထက်မက) ဆယ်ကျော်သက်များ စိတ်ကျန်းမာရေးပြဿနာနှင့် ပိုရင်ဆိုင်ကြရပါသည်။





ဆယ်ကျော်သက်




မှ သူတို့သည် နေ့စဉ် ဗီဒီယိုကို ကြည့်ကြသည် ဟု ပြောပါသည်။





လူမှုကွန်ယက် သတင်းသည် သူတို့ကို ကျေနပ်မှုပေးသည် ဟု ဆယ်ကျော်သက်အများစုမှ ပြောကြပါသည်။

ဆယ်ကျော်သက်

၆၄%

မှ လူမှုကွန်ယက် သတင်းအတွက် နေ့စဉ် (၁) နာရီ သို့မဟုတ် ထိုထက် နည်းသော အချိန်ကို အသုံးပြုပါသည်။




# အွန်လိုင်း အသုံးပြုသောအချိန်

ဤမျိုးဆက်သည် ကမ္ဘာပေါ်ရှိ တွေ့ဖူးသမျှ၌ ဒီဂျစ်တယ်နည်းစနစ် အထွန်းကားဆုံးသောမျိုးဆက် ဖြစ်ပါသည်။ ယနေ့ခေတ် ဆယ်ကျော်သက်များသည် အင်တာနက်ခေတ်နှင့်အတူ ကြီးပြင်းလာကြပြီး၊ ငယ်စဉ်ကတည်းကပင် စမတ်ဖုန်းများကိုင်ဆောင်၍၊ လူမှုကွန်ယက်သတင်းများမပါဘဲ ကမ္ဘာကြီးရှိခဲ့ကြောင်းကို သူတို့မသိကြပါ။

အင်တာနက်ဆက်သွယ်မှုသည် ဤသုတေသနဘာသာရပ်တွင် ပါဝင်ဖို့ ကြိုတင်လိုအပ်သောအရာ ဖြစ်သည်။ ဤလေ့လာရှာဖွေခြင်း၏ အခြေခံဦးတည်ချက်များမှာ ဆယ်ကျော်သက်များ၏ အမြင်၊ ယုံကြည်မှုနှင့် အပြုအမူများအပေါ် ဒီဂျစ်တယ်နည်းစနစ်ဆက်သွယ်မှု၏ အကျိုးဆက်ကို စုံစမ်းစစ်ဆေးရန်ဖြစ်ပါသည်။

အွန်လိုင်းပေါ်တွင် ဆယ်ကျော်သက်များသည် အချိန်မည်မျှ အသုံးပြုသနည်း။ သူတို့သည် အွန်လိုင်းကိုအသုံးပြုနေချိန်တွင် မည်သည့်အရာကို ပြုလုပ်ကြသနည်း။ သူတို့၏ နည်းပညာအသုံးပြုမှုသည် သူတို့၏အသက်တာ၌ အခြားသောကိစ္စများအပေါ် မည်သို့ လွှမ်းမိုးထားသနည်း။ ဤအရာများသည် ဤလေ့လာချက်တွင် သုံးသပ်ရမည့်မေးခွန်းများ ဖြစ်ကြသည်။

လေ့လာသုံးသပ်ချက်အရ နိုင်ငံပေါင်း(၂၀)တွင် ဆယ်ကျော်သက်များသည် ပျမ်းမျှအားဖြင့် နေ့စဉ်(၇)နာရီနှင့် (၂၃)မိနစ်ခန့် အွန်လိုင်းကို အသုံးပြုကြပါသည်။ ဘရာဇီးနိုင်ငံ၏ လူငယ်များသည် အချိန်အများဆုံးအဖြစ် နေ့စဉ် ၉.၅ နာရီနီးပါး အွန်လိုင်းကိုအသုံးပြုကြပြီး၊ တစ်ဖက်တွင်လည်း တရုတ်နိုင်ငံ၏ ဆယ်ကျော်သက်များမှာ အနည်းဆုံးအဖြစ် နေ့စဉ် ၅.၅ နာရီခန့် အွန်လိုင်းကို အသုံးပြုကြပါသည်။







| | နိုင်ငံ |
|---|---|
| ၉:၂၉ | ဘရာဇီး |
| ၉:၀၇ | အင်ဒိုနီးရှား |
| ၈:၂၉ | အာဂျင်တီးနား |
| ၈:၂၈ | နိုင်ဂျီးရီးယား |
| ၇:၅၄ | ရုရှား |
| ၇:၄၀ | ကင်ညာ |
| ၇:၃၅ | အမေရိကန် |
| ၇:၃၄ | အိန္ဒိယ |
| ၇:၂၂ | မက္ကဆီကို |
| ၇:၂၂ | တောင်အာဖရိက |
| ၇:၁၉ | ကိုလံဘီယာ |
| ၇:၁၉ | ဗြိတိန် |
| ၇:၀၈ | ပေါ်တူဂီ |
| ၆:၅၀ | ဗီယက်နမ် |
| ၆:၄၅ | စပိန် |
| ၆:၄၃ | အီဂျစ် |
| ၆:၄၂ | နယ်သာလန် |
| ၆:၂၉ | ရိုမေးနီးယား |
| ၆:၀၃ | ဂျပန် |
| ၅:၂၄ | တရုတ် |

ဆယ်ကျော်သက်များသည် နေ့စဉ် (၇)နာရီမက အွန်လိုင်းကို အသုံးပြုနေကြသည်။

# အွန်လိုင်းနှင့် ထိတွေ့မှု

ဆယ်ကျော်သက်များသည် အွန်လိုင်းကိုအသုံးပြုနေသော နာရီပေါင်းအတွင်းတွင် မည်သည့်အရာများ လုပ်ဆောင်ကြသနည်း။ ဆယ်ကျော်သက်များသည် ထိုအချိန်များတွင် စကားပြောခြင်း၊ စာပို့ခြင်း၊ (သို့) ဗီဒီယိုစကားပြောခြင်းအတွက် အများဆုံး အသုံးပြုကြပါသည်။ လူမှုကွန်ယက်သတင်းသည် ဒုတိယအမြင့်ဆုံးနေရာ၌ ရပ်တည်လာပြီး၊ အွန်လိုင်းပေါ်ရှိ ဗီဒီယို (သို့) ရုပ်ရှင်ကြည့်ခြင်းသည် တတိယဖြစ်ကာ၊ နောက်ဆုံးတွင် ဂိမ်းကစားခြင်း ဖြစ်သည်။

## ကမ္ဘာလုံးဆိုင်ရာ အသုံးပြုသည့်အချိန်




## ဦးဆောင်နေသော နိုင်ငံများ

အချို့သောနိုင်ငံများရှိ ဆယ်ကျော်သက်များသည် ဤအသုံးပြုမှုတစ်ခုစီတိုင်းအပေါ် ကမ္ဘာလုံးဆိုင်ရာပျမ်းမျှနှုန်းထက် ပို၍ အချိန်ကို အသုံးပြုကြသည်။

### စကားပြောခြင်း

ကင်ညာ ၃း၄၅

### လူမှုကွန်ယက်သတင်း နားထောင်ခြင်း

နိုင်ဂျီးရီးယား ၄း၀၀

### ဗီဒီယိုကြည့်ခြင်း

အမေရိကန် ၂း၄၇

### ဂိမ်းကစားခြင်း

အာဂျင်တီးနား ၂း၃၈

အချိန်ပိုအသုံးပြုခြင်းသည် ဆယ်ကျော်သက်များမှ မည်သည့် အရာများအား စိတ်ဝင်စားနေသည်ကို အကဲခတ်ရန် တစ်ခု တည်းသော နည်းလမ်းမဟုတ်ပါ။ သူတို့၏ ပုံမှန်ဝင်ကြည့် သော အွန်လိုင်းအသုံးပြုမှုသည်လည်း သူတို့၏ ဒီဂျစ်တယ် နည်းစနစ်ထိတွေ့မှု၏ ပုံရိပ်ကိုဖော်ထားပါသည်။ ဆယ်ကျော် သက်များအကြားတွင် အထင်ရှားဆုံးနေ့စဉ်လုပ်ဆောင်မှုမှာ ဗီဒီယိုကြည့်ခြင်း ဖြစ်သည်။



ဆယ်ကျော်သက် ၉၄% သည် နေ့စဉ် ဗီဒီယိုကြည့်ကြသည်။


တုံ့ပြန်သောသူထဲရှိ ၉၄% က သူတို့သည် နေ့စဉ် ဗီဒီယို ကြည့်ကြသည်ဟု  ပြောပါသည်။ ဒုတိယအထင်ရှားဆုံးသော လုပ်ဆောင်ချက်မှာ လူမှုကွန်ယက်သတင်းနားထောင်ခြင်း ဖြစ်သည်။ ဆယ်ကျော်သက်အားလုံးနီးပါးမှာ နေ့စဉ် လူမှုကွန် ယက်သတင်းကို နားထောင်ကြပြီး၊ ၆၄% သော သူတို့သည် ဤအရာများအပေါ် (၁)နာရီ (သို့) ထိုထက်နည်းသော အချိန်ကိုသာ အသုံးပြုကြကြောင်း ပြောပါသည်။

ဆယ်ကျော်သက် ၆၄% မှာ သူတို့သည် လူမှုကွန်ယက် သတင်းကို နားထောင်ရန် နေ့စဉ် ၁ နာရီ (သို့) ထိုထက် နည်းသော အချိန်ကို အသုံးပြုကြသည်။

ဆယ်ကျော်သက်များသည် ယေဘုယျအားဖြင့် လူမှုကွန်ယက်သတင်းများကို နားထောင်ကြသည်ဟု အသီးသီး တုံ့ပြန်ကြသည်။ လူအများစုမှ ထိုအရာကို လုပ် သင့်သည်ဟု နားလည်ကြပြီး၊ လူမှုကွန်ယက်သတင်းသည် သူတို့၏ဘဝကို ကျေနပ်စေသည်ဟု ဆယ်ကျော်သက်(၅)ဦး တွင် (၃)ဦးမှ သဘောတူသည်။

သို့သော်လည်း၊ ထိုအရာသည် သူတို့ကို တစ်ခါတစ်ရံ (သို့) မကြာခဏ ဝမ်းနည်းစေပြီး၊ ပူပန်စေသည် (သို့) စိတ်အား ငယ်စေသည်ဟု ထက်ဝက်ကျော်သော ဆယ်ကျော်သက်များ မှ ပြောကြပါသည်။

## လူမှုကွန်ယက်သတင်းသည် ကျွန်ုပ်ကို ဝမ်းနည်းစေပြီး၊ ပူပန်စေသည် (သို့) စိတ်အားငယ်စေပါသည်။



# အင်တာနက်၏ လွှမ်းမိုးမှု

ဆယ်ကျော်သက်များ၏ လိုင်းအသုံးပြုပုံ၊ အချိန်နှင့် ပတ်သက်၍ သူတို့ထံမှ ကွဲပြားလှသော တုံ့ပြန်မှုအမျိုးမျိုးကို ကျွန်ုပ်တို့ ရရှိထားပါသည်။ ထိုအရာကြောင့် မည်သူသည် အင်တာနက်ကို အတော်အသင့် (နေ့စဉ် ၀-၄ နာရီ) အသုံးပြုပြီး၊ မည်သူသည် အလွန်အကျွံ (နေ့စဉ် ၁၀ နာရီ မက) အသုံးပြုသည်ကို ကျွန်ုပ်တို့ အမျိုးအစားခွဲရပါသည်။ ဤအချက်အလက်ကို ကြည့်ခြင်းအားဖြင့် စိတ်ဝင်စားစရာကောင်းသောအရာကို ကျွန်ုပ်တို့ တွေ့ရှိနိုင်ပါသည်။

သူတို့၏ ဘဝပန်းတိုင်နှင့် ပတ်သက်လာလျှင် အင်တာနက်ကို အတော်အသင့်အသုံးပြုသောသူများထက် အလွန်အကျွံအသုံးပြုသောသူများသည် စီးပွားရေးလုပ်ငန်းနှင့်ဆိုင်သော အတွေးအခေါ်ကို ပြသကြပြီး၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာ ဦးတည်ချက်များ၌ ငွေကို အခြေခံကြသည်ဟု ယူဆရပါသည်။ ဆယ်ကျော်သက်များသည် သူတို့၏ မိသားစုအတွေ့အကြုံ၌ ထူးခြားမှုကိုလည်း ဖော်ပြထားကြပါသည်။ အင်တာနက်ကို အလွန်အကျွံအသုံးပြုသောသူများသည်  ယေဘုယျအားဖြင့် သူတို့၏မိသားစုတွင် ကောင်းသောအတွေ့အကြုံ သိပ်မရှိ။ ထို့အပြင် သူတို့အတွက် အရေးပါသည့်ကိစ္စတွင်လည်း မိဘများနှင့် စကားသိပ်မပြော (သို့) မည်သည့်အခါမျှ မပြောဘဲ နေပုံရပါသည်။

## အင်တာနက်အသုံးပြုမှုနှင့် ဘဝအတွေ့အကြုံ

- အတော်အသင့် အင်တာနက် အသုံးပြုသူများ *(နေ့စဉ် ၀-၄ နာရီ အွန်လိုင်းအသုံးပြုခြင်း)*
- အလွန်အကျွံ အင်တာနက် အသုံးပြုသူများ *(နေ့စဉ် ၁၀ နာရီအထက် အွန်လိုင်းအသုံးပြုခြင်း)*

| | အတော်အသင့် အင်တာနက် အသုံးပြုသူများ | အလွန်အကျွံ အင်တာနက် အသုံးပြုသူများ |
|---|---|---|
| **ပန်းတိုင်များ** | | |
| ကျွန်တော်/မသည် စီးပွားရေးလုပ်ငန်းတစ်ခုကို အစပြုချင်ပါသည် (သို့) အနာဂတ်၌ ကိုယ်ပိုင်ကုမ္ပဏီကို တည်ထောင်ချင်ပါသည်။ | ၇၁% | ၇၉% |
| ကျွန်ုပ်၏အနာဂတ်ဘဝတက်လမ်းတွင် အရေးကြီးဆုံးသောအရာမှာ လုပ်အားခ မည်မျှရ မည်နည်းဆိုသည့်အရာဖြစ်သည်။ | ၁၈% | ၂၅% |
| **မိသားစု** | | |
| ယေဘုယျအားဖြင့် ကျွန်ုပ်မိသားစု၏ အတွေ့အကြုံသည် ကောင်းပါသည်။ | ၈၆% | ၇၈% |
| ကျွန်ုပ်အတွက် အမှန်တကယ် အရေးပါသောကိစ္စများကို ကျွန်ုပ်၏မိဘထံသို့ ပြောပါသည်။ | ၈၄% | ၇၈% |
| **ယုံကြည်ချက်များ** | | |
| လက်မထပ်မီ လိင်ဆက်ဆံခြင်းသည် ပြဿနာမရှိဟု ကျွန်တော်/မ ယုံကြည်ပါသည်။ | ၄၄% | ၅၆% |
| လူတစ်ဦးသည် အခြားလိင်အမျိုးအစားဖြစ်ရန် ကိုယ်ခန္ဓာအား ပြောင်းလဲခြင်းသည် ပြဿနာမရှိပါ။ | ၃၅% | ၄၄% |


ဆက်သွယ်မှုသည် အချို့သော ယဉ်ကျေးမှုဆိုင်ရာ ရှုထောင့်များနှင့် ခံယူချက်များကို ပုံဖော်ထားသည်ဟု အချက်အလက်တွင်ပါရှိသော ဦးတည်ချက်များမှလည်း ပြသထားပါသည်။ ဥပမာ- အင်တာနက်ကို အလွန်အကျွံအသုံးပြုသောသူများသည် လက်မထပ်မီ လိင်ဆက်ဆံခြင်း၌ ပြဿနာမရှိ၊ ဆန့်ကျင်ဘက်လိင်အင်္ဂါပိုင်ဆိုင်ရန် မိမိ၏ကိုယ်ခန္ဓာပြောင်းလဲခြင်းသည်လည်း လက်ခံနိုင်စရာဖြစ်သည်ဟု ပြောသောသူများ ဖြစ်ကြပါသည်။ အွန်လိုင်းကို အလွန်အကျွံအသုံးပြုသော ဆယ်ကျော်သက်များသည် လောကနှင့် အကျင့်စာရိတ္တအပေါ် ပိုမိုကျယ်ပြန့်သော အမြင်များရှိကြသည်ဟု ပြောဆိုခြင်းမှာ အံ့သြစရာမဟုတ်ပါ။

## အင်တာနက်အသုံးပြုမှုနှင့် ကိုယ်ပိုင်ရုန်းကန်မှုများ

အတော်အသင့် အင်တာနက် အသုံးပြုသူများ
*(နေ့စဉ် ၀-၄ နာရီ အွန်လိုင်းအသုံးပြုခြင်း)*

အလွန်အကျွံ အင်တာနက် အသုံးပြုသူများ
*(နေ့စဉ် ၁၀ နာရီနှင့်အထက် အွန်လိုင်းအသုံးပြုခြင်း)*

*လွန်ခဲ့သော(၃)လအတွင်း၌ အောက်ပါအချက်များကို ကျွန်တော်/မ တွေ့ကြုံရပါသည်။*




ဆယ်ကျော်သက်များ၏ အင်တာနက်အသုံးပြုမှုသည် သူတို့၏အသက်တာကို လွှမ်းမိုးသောအခါ၊ အချက်အလက်တွင်ပါရှိသော အံ့သြစရာအကောင်းဆုံးဆက်နွယ်မှုအချို့မှာ ထင်ရှားလာပါသည်။ အင်တာနက်ကို အလွန်အကျွံအသုံးပြုသူများသည် စိတ်ကျန်းမာရေးပြဿနာနှင့်  ပို၍ ရင်ဆိုင်ကြရပါသည်။ နေ့စဉ် (၁၀)နာရီထက်မက အွန်လိုင်းအသုံးပြုသော ဆယ်ကျော်သက်များသည် အတော်အသင့်သာ အသုံးပြုသောသူများထက် စိုးရိမ်မှုနှင့် စိတ်ဓါတ်ကျခြင်းတို့ကို ခံနိုင်ရည်နှုန်း ပိုများကြောင်း တွေ့ရပါသည်။ ထိုသူများသည် လွန်ခဲ့သော(၃)လအတွင်း၌ မိမိကိုယ်ကိုသတ်သေရန် ကြံစည်ခြင်းနှင့် ကြိုးပမ်းမှုများ နှစ်ကြိမ်ထက်မက လုပ်ဆောင်ခဲ့ကြကြောင်း မိမိကိုယ်ကို ဖွင့်ပြောကြပါသည်။

ရှင်းရှင်းပြောရလျှင် ဤတွေ့ရှိချက်များသည် အလွန်စိုးရိမ်စရာ ဖြစ်ပါသည်။ သို့သော်လည်း၊ အွန်လိုင်းအသုံးပြုချိန်နှင့် ဆယ်ကျော်သက်များ၏ ကိုယ်ပိုင်ရုန်းကန်မှုများအကြား ဆက်နွယ်မှု၏ သဘောသဘာဝသည် ရှင်းလင်းတိကျမှု မရှိသေးပါ။ သူတို့အကြားတွင် ဆက်နွယ်မှုတစ်မျိုးရှိကြောင်း ဤအချက်အလက်မှ ပြသထားပါသည်။ သို့သော် တစ်ခုမှ အခြား နောက်တစ်ခုကို အကျိုးဖြစ်စေသည်ဟု ဤအချက်အလက်မှ မဆိုလိုပါ။ အင်တာနက်ကို အလွန်အကျွံအသုံးပြုခြင်းသည် လူငယ်များ၏အသက်တာတွင် မျှော်လင့်ချက်မရှိ ဟူသော ခံစားချက်များကို နှိုးဆွပေးပါသည်။ အခြားတစ်ဖက်တွင် သူတို့၏ စိတ်ကျန်းမာရေးနှင့် ရုန်းကန်နေရသော ဆယ်ကျော်သက်များမှ လွတ်မြောက်ရန် ကြိုးစားသည့်အနေဖြင့် သူတို့၏ ဒီဂျစ်တယ်စက်ကိရိယာများသို့ ပြန်လှည့်လာနိုင်ပါသည်။ ထိုနှစ်ခုစလုံးသည် အတိုင်းအတာတစ်ခုထိ မှန်ကောင်း မှန်နိုင်ပါသည်။

# နိဂုံး

ဆယ်ကျော်သက်အရွယ်သည် အားနည်းသော စိတ်ကျန်းမာရေးအခြေအနေ  ဖြစ်စေနိုင်သော ဟော်မုန်းဓါတ် အပြောင်းအလဲ၊ လူမှုရေးနှင့်ဆိုင်သော စိတ်ပျက်ခြင်းများ၊ အခြားသော အနှောင့်အယှက်များနှင့် ပြည့်နေနိုင်ကြောင်း ကျွန်ုပ်တို့ မမေ့သင့်ပါ။ ဒီဂျစ်တယ်စက်ကိရိယာများဖြင့် အချိန်အသုံးပြုခြင်းသည် ယနေ့ခေတ် ဆယ်ကျော်သက်များ၏အသက်တာနှင့် ကိုယ်ပိုင်အတွေ့အကြုံများကို ထိခိုက်စေသော ရှုပ်ထွေးသည့် အကြောင်းရင်း ပေါင်းစပ်မှုတွင်  နောက်ထပ်အရိပ်လက္ခဏာတစ်ခုသာ ဖြစ်ပါသည်။ ဒီဂျစ်တယ်နည်းစနစ်ဖြင့် ဆက်သွယ်ထားသော ဤမျိုးဆက်ကို ကျွန်ုပ်တို့ကိုင်တွယ်မှုအပေါ် ဤအရာအားလုံးမှာ မည်သည့်အရာကို ဆိုလိုသနည်း။ ဆင်ခြင်သုံးသပ်ရမည့်အတွေးအခေါ်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

- **ဗီဒီယိုသည် ဆယ်ကျော်သက်များအကြားတွင် အလွန်ခေတ်စားသည်။**
  ၎င်းတို့သည် လူငယ်များထံ လက်လှမ်းရာတွင် အလွန်ထိရောက်သောနည်းလမ်းတစ်ခု ဖြစ်ပါသည်။ ဆယ်ကျော်သက် ၉၄% သည် နေ့စဉ် ဗီဒီယိုများနှင့် ထိတွေ့မှုရှိနေသည်ကို သတိရပါ။ ခရစ်တော်အတွက် လူငယ်များကို လက်ကမ်းကြိုဆိုရန် ဤစွဲမက်ဖွယ်ဖြစ်သောကြားခံကို ကျွန်ုပ်တို့သည် မည်ကဲ့သို့ အသုံးပြုရမည်နည်း။

- **လူမှုကွန်ယက်သတင်းသည် အမျိုးမျိုးသော တုံ့ပြန်မှုများကို ပေါက်ဖွားစေသည်။**
  ဆယ်ကျော်သက်အများစုသည် သူတို့၏လူမှုကွန်ယက် သတင်းအချက်အလက်တို့ကို နေ့စဉ် စစ်ဆေးပါသည်။ သို့သော် ထိုအတွက် အချိန်ကို အများကြီး မပေးကြပါ (၆၄% မှ ၁ နာရီ (သို့) ထိုထက်နည်းသော အချိန်ကို အသုံးပြုသည်)။ ထို့အပြင် လူမှုကွန်ယက်သတင်းသည် သူတို့ကို အကျိုးဖြစ်စေသလား (သို့) အကျိုးယုတ်စေသလားဟူသော အချက်တွင်လည်း ဆယ်ကျော်သက်များသည် သဘောထားကွဲလွဲကြသည်။ ဤမျိုးဆက်သည် သူတို့၏ ဒီဂျစ်တယ်အပြုအမူများအပေါ် ရိုက်ခတ်မှုကို ရှာဖွေရန်နှင့် သူတို့တွေ့ကြုံနိုင်ဖွယ်ရှိသော တင်းမာမှုများကို ကိုင်တွယ်ရန် သူတို့ကို ကျွန်ုပ်တို့ မည်ကဲ့သို့ ကူညီနိုင်မည်နည်း။


- **ပိတ်ကား၏ နောက်တစ်ဖက်တွင်ရှိသော ဆယ်ကျော်သက်များမှ နက်နက်ရှိုင်းရှိုင်း ရှန်းကန်နိုင်ပါသည်။**
  အွန်လိုင်းကို အချိန်အတော်အကြာ အသုံးပြုသောသူများသည် စိတ်ကျန်းမာရေးပြဿနာနှင့် ပို၍ ရင်ဆိုင်နေရပါသည်။ ထို့ကြောင့် ပေါ်ထွက်လာနိုင်သော မေးမြန်းမှုများကို တုံ့ပြန်ရန် မည်သို့ ပြင်ဆင်ရမည်ကို စဉ်းစားပါ။




# ကိုယ်ပိုင်လက္ခဏာနှင့် ဆက်နွယ်မှုများ

# ကျွန်ုပ်တို့ ရှာဖွေတွေ့ရှိသောအရာ

ဆယ်ကျော်သက် ထက်ဝက်ခန့်မှ ကျားမ ဖြစ်ခြင်းသည် လူတစ်ဦးမွေးဖွားရာတွင် ပါရှိလာသောလိင်အပေါ် အများအား ဖြင့်မူတည်သည် ဟု ယုံကြည် ကြသည်။






အခြားသောထက်ဝက်မှလည်း ကျားမဖြစ်ခြင်းသည် လူတစ်ဦး၏ ခံစားချက် (သို့) လိင်ပိုင်းဆိုင်ရာစွဲ လမ်းမှုအရ သူ့အတွက် ကိုယ်တိုင်ဆုံးဖြတ်ထားသည့် အတိုင်း ဖြစ်သည်ဟု ယုံကြည် ကြသည်။



ယောက်ျားလေးများထက် မိန်းကလေးများတွင် လက်ထပ်ခြင်းနှင့်ပတ်သက်သော ထုံးတမ်းအစဉ်လာ အမြင် ပို၍ နည်းပါး သည်။





ကမ္ဘာအနှံ့ရှိ ဆယ်ကျော်သက် ၄၈% မှ လက်ထပ်ခြင်းသည် ယောက်ျားလေးများနှင့် မိန်းကလေးကြားတွင်သာ ဖြစ်ရမည်မဟုတ် ဟု ယုံကြည်ကြသည်။



ယေဘုယျအားဖြင့် ဆယ်ကျော်သက် (၁၀)ဦးတွင် (၁)ဦးသည် လက်ထပ်ခြင်းနှင့်ပတ်သက်၍ သမ္မာကျမ်းစာ၏ သွန်သင်ချက်ကို စွဲကိုင်ထားသည်။




ဆယ်ကျော်သက် ၈၂%သည် ယေဘုယျအားဖြင့် မိသားစုအတွေ့အကြုံကောင်းရှိကြသည် ဟု ဖွင့်ပြောကြပြီး၊ ထိုမျှလောက်သော ဆယ်ကျော်သက်များမှလည်း သူတို့ကို ကောင်းမွန်စွာသိကြသည့် ရင်းနှီးသောသူငယ်များရှိကြသည်ဟု ပြောကြပါသည်။ ထိုကဲ့သို့သော ဆက်နွယ်မှုအပေါ် သူတို့ ကျေနပ်ကြပါသည်။

# ဖိုမဖြစ်ခြင်းလက္ခဏာသည် ရွေးချယ်မှုတစ်ခုဖြစ်သည်။

ဆယ်ကျော်သက်တစ်ဦးဖြစ်ခြင်းနှင့် ၎င်း၏ဆက်နွယ်မှုများသည် ရှုပ်ထွေးပြီး၊ ကိုယ်ရေးကိုယ်တာ ဆန်လွန်းပါသည်။ မည်သည့်လေ့လာရှာဖွေခြင်းပဏာမ ခြေလှမ်းကမှ ပါဝင်သော လက္ခဏာသွင်ပြင်အားလုံးကို မတိုင်းတာနိုင်ပါ။ ထို့ကြောင့် ဆယ်ကျော်သက်များမှ သူတို့ကိုယ်သူတို့ (သို့) သူတစ်ပါးကို မည်ကဲ့သို့ရှုမြင်ကြောင်းနှင့် ပတ်သက်သော အဓိကကဏ္ဍအသီးသီးကို ဦးတည်ရန် ကျွန်ုပ်တို့ ရွေးချယ်ထားပါသည်။ ဖိုမလက္ခဏာနှင့်ပတ်သက်၍ သူတို့သည် မည်သည့်အရာကို ပြောကြသနည်း။ ထိုအရာသည် သူတို့အတွက် မည်သို့ အဓိပ္ပါယ်ရှိသနည်း။ သူတို့၏မိတ်ဆွေများနှင့် မိသားစု ဆက်နွယ်မှုများအပေါ် မည်မျှလောက် သူတို့တွင် ကျေနပ်မှုရှိကြသနည်း။ ဖိုမကိစ္စနှင့် လက်ထပ်ခြင်းကိစ္စကဲ့သိုသော ခေါင်းစဉ်အပေါ် မည်သည့်အမြင်မျိုးကို လူကြီးဘဝထဲသို့ သူတို့ ယူဆောင်ကြသနည်း။ ဤဆွေးနွေးတိုင်ပင်ခြင်းသည် ရှုပ်ထွေးသည်။ သို့သော် အရေးကြီးသောဤကဏ္ဍများတွင် ကျွန်ုပ်တို့ရှာဖွေတွေ့ရှိသောအရာများကို ကြည့်ရှုကြပါစို့။


ကမ္ဘာအနှံ့ရှိ ဆယ်ကျော်သက်ထက်ဝက်ခန့်မှ ဖိုမဖြစ်ခြင်းအပေါ် ထုံးတမ်းစဉ်လာအမြင်ကို စွဲကိုင်ကြပြီး၊ ဖိုမဖြစ်ခြင်းသည် လူတစ်ဦးမွေးဖွားသောအခါ ပါရှိလာသော လိင်အပေါ် အဓိကအားဖြင့် မူတည်သည်ဟု ပြောကြပါသည်။ သို့သော် ယနေ့ခေတ် အခြားဆယ်ကျော်သက်ထက်ဝက်မှ ဖိုမဖြစ်ခြင်းသည် ရွေးချယ်မှုတစ်ခုဖြစ်သည်ဟု ယုံကြည်ကြပြီး၊ ၎င်းကို လူတစ်ဦးမှ မိမိ၏ခံစားချက် (သို့) သူ၏ လိင်ပိုင်းဆိုင်ရာ စွဲလမ်းမှုအရ သူကိုယ်တိုင်ဆုံးဖြတ်ထားနိုင်သည်ဟု ပြောကြပါသည်။ ဖိုမဖြစ်ခြင်းသည် အရှိအတိုင်းဖြစ်ရမည်မဟုတ်၊ စိတ်ထဲ၌ခံစားသည့်အတိုင်း ဖြစ်ရမည်ဟု ယုံကြည်သော ဆယ်ကျော်သက်ဦးရေမှာ အများအပြားရှိပါသည်။

## ဖိုမဖြစ်ခြင်းသည် အဓိကအားဖြင့် ဖော်ပြပါထင်မြင်ချက်အပေါ် အခြေခံထားပါသည်။





လူတစ်ဦးအနေဖြင့် သူသည် ဆန့်ကျင်ဘက်လိင်ပိုင်ဆိုင်သည်ဟု ခံစားလျှင်၊ သူသည် ထိုအရာနှင့်ပတ်သက်၍ တစ်စုံတစ်ခုလုပ်ပိုင်ခွင့်ရှိသည်ဟု ဆယ်ကျော်သက်အများအပြားမှ ယုံကြည်ကြသည်။

လူတစ်ဦးတစ်ယောက်သည် ဆန့်ကျင်ဘက်လိင်အင်္ဂါကို ပိုင်ဆိုင်နိုင်ရန် မိမိ၏ခန္ဓာကိုယ်ပြောင်းလဲခြင်းသည် လက်ခံနိုင်စရာဖြစ်သည်ဟု ကမ္ဘာအနှံ့ရှိ ဆယ်ကျော်သက်(၅)ဦးတွင် (၂)ဦးမှ ပြောကြသည်။




## နေရာဒေသအလိုက် ဖိုမကိစ္စအပေါ် အမြင်




ဖိုမဖြစ်ခြင်းအပေါ် ဤမျိုးဆက်၏ ထင်မြင်ယူဆများသည် သူတို့နေထိုင်သည့်ကမ္ဘာအပေါ် အခြေခံ၍ အကြီးအကျယ်ပြောင်းလဲပါသည်။ ဥပမာ- လက်တင်အမေရိကတွင် ဖိုမဖြစ်ခြင်းသည် မိမိကိုယ်တိုင်ရွေးချယ်မှုဖြစ်သည်ဟု ထင်မြင်သူအရေအတွက်မှာ မွေးရာပါအတိုင်းဖြစ်သည်ဟု ထင်မြင်သူအရေအတွက်ထက် နှစ်ဆနီးပါး ပိုများပါသည်။

ဆန့်ကျင်ဘက်အားဖြင့် အာဖရိကတွင်ရှိသော ဆယ်ကျော်သက်အများစုမှ ဖိုမဖြစ်ခြင်းသည် ရွေးချယ်မှုမဟုတ်ဟု မြင်ကြပါသည်။ အာဖရိကနိုင်ငံများရှိ ဆယ်ကျော်သက် (၄)ဦးတွင် (၃)ဦးနီးပါးမှ ဖိုမဖြစ်ခြင်းသည် လူတစ်ဦး၏ မွေးရာပါလိင်အပေါ် အဓိကအားဖြင့် အခြေခံသည်ဟု ယုံကြည်ကြသည်။

## ဖိုမ လက္ခဏာနှင့် ပြောင်းလဲခြင်း




ဖိုမဖြစ်ခြင်းသည် အရှိအတိုင်းဖြစ်ရမည်ဟူသော ခံယူချက်ကို ဆယ်ကျော်သက်အများစုမှ လက်ခံနေချိန်တွင်၊ အချို့သောဆယ်ကျော်သက်များမှ သူတို့သည် ဖိုမဖြစ်ခြင်းကိစ္စ၌ ရှုပ်ထွေးနေကြကြောင်း (သို့) သူတို့၏လိင်အင်္ဂါကို ပြောင်းလဲရန် ဆန္ဒရှိကြောင်း အသီးသီးပြောကြသည်ဟု ကျွန်ုပ်တို့၏ရှာဖွေတွေ့ရှိချက်တွင် ပြသထားပါသည်။


ကမ္ဘာအနှံ့ရှိ ဆယ်ကျော်သက် ၁၀% မှ လွန်ခဲ့သော(၃)လအတွင်း၌ သူတို့သည် ဖိုမဖြစ်ခြင်းကိစ္စတွင် ရှုပ်ထွေးနေကြကြောင်း ပြောကြပြီး၊ ၁၅% မှ သူတို့သည် ဆန့်ကျင်ဘက်လိင်အင်္ဂါ ပိုင်ဆိုင်လိုသည်ဟု ခံစားကြကြောင်း ပြောပါသည်။ မိန်းကလေးများသည် ယောကျ်ားလေးများထက် ဖိုမဖြစ်ခြင်းကိစ္စတွင် အနည်းငယ်သာရှုပ်ထွေးကြောင်း သိရပါသည် (၁၂% နှင့် ၉%)။ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ သူတို့သည် ယောကျ်ားလေးများထက် ထိုအကြောင်းအရာအပေါ် ယေဘုယျအားဖြင့် ကွဲပြားသောအမြင်လည်း ရှိကြခြင်း ဖြစ်သည်။ မိန်းကလေးအများစု (၅၉%) မှ ဖိုမလက္ခဏာသည် ယေဘုယျအားဖြင့် လူတစ်ဦး၏ခံစားချက် (သို့) ဆန္ဒအပေါ် အခြေခံသည်ဟု ယုံကြည်ကြပြီး၊ အနည်းစုသောယောကျ်ားလေး (၄၂%) မှလည်း ထိုကဲ့သို့ ယုံကြည်ကြသည်။ ဆန့်ကျင်ဘက်လိင်အင်္ဂါ ပိုင်ဆိုင်ရန် လူတစ်ဦးသည် သူ၏ကိုယ်ခန္ဓာပြောင်းလဲခြင်းကို ပြဿနာမရှိဟု ယောကျ်ားလေးများထက် မိန်းကလေးများမှ ပို၍ ထောက်ခံပြောဆိုကြသည် (၅၂% နှင့် ၃၂%)။

# ဘာသာရေး၏ လွှမ်းမိုးမှု

ဆယ်ကျော်သက်တစ်ဦး၏ ဘုရားတရားကြည်ညိုခြင်းသည် ဖိုမလက္ခဏာနှင့် ပတ်သက်၍ သူ၏ခံယူချက်အပေါ် မြင်သာစွာ ရိုက်ခတ်မှုရှိစေသော အခြားအကြောင်းရင်းခံတစ်ခု ဖြစ်သည်။ ဘာသာတရားအားလုံးထဲတွင် မူဆလင်ဘာသာဝင်များသည် ဖိုမဖြစ်ခြင်းကိစ္စတွင် ထုံးတမ်းစဉ်လာအမြင်ကို အမြင့်ဆုံးစွဲကိုင်သောသူ ဖြစ်ကြသည်။ မူဆလင်ဘာသာဝင် ဆယ်ကျော်သက် ၆၂% မှ ဖိုမလက္ခဏာသည် မွေးရာပါလိင်အင်္ဂါအပေါ် မူတည်သည်ဟု ပြောကြပြီး၊ ထိုသို့ပြောသော ခရစ်ယာန်များမှာ ၅၀% ဖြစ်၍၊ အခြားဘာသာဝင် ဆယ်ကျော်သက်များမှာ ၄၁% ဖြစ်သည်။ ဖိုမလက္ခဏာသည် လူတစ်ဦး၏ ခံစားချက် (သို့) လိင်ပိုင်းဆိုင်ရာ စွဲလမ်းမှုအရ မိမိကိုယ်ကို ဆုံးဖြတ်ထားသည့်အတိုင်းဖြစ်သည်ဟု ယုံကြည်ရာတွင် မည်သည့်ဘာသာကိုမှ ကိုးကွယ်ခြင်းမပြုဟု ပြောသော ဆယ်ကျော်သက်များမှ (၆၃% ဖြင့်) ဦးဆောင်ကြပါသည်။

သို့သော် အဓိကကျသော ခရစ်ယာန်ယုံကြည်မှုကို စွဲကိုင်သောသူနှင့် ကျမ်းစာဖတ်ခြင်း၊ ဆုတောင်းခြင်းအလေ့အထရှိသည်ဟု ပြောသော မိမိကိုယ်ကိုဆက်ကပ်သည့် ဆယ်ကျော်သက်ခရစ်ယာန်များအကြားတွင်လည်း ခြားနားသောအမြင်အမျိုးမျိုး ရှိကြပါသည်။ မိမိကိုယ်ကိုဆက်ကပ်သည့် ဆယ်ကျော်သက်ခရစ်ယာန် (၁၀)ဦးတွင် (၇)ဦးသည် ဖိုမဖြစ်ခြင်းနှင့်ပတ်သက်၍ ထုံးတမ်းစဉ်လာယုံကြည်မှုကို စွဲကိုင်ထားကြပြီး၊ လိင်အင်္ဂါပြောင်းရန် ကိုယ်ခန္ဓာပြုပြင်ပြောင်းလဲခြင်းသည် လက်ခံဖွယ်ရာဖြစ်သည်ဟု (၁၀)ဦးတွင် (၁)ဦးမှ ယုံကြည်သည်။

## ဆယ်ကျော်သက်ခရစ်ယာန်များ၏ တုံ့ပြန်မှု




# လိင်တူစွဲမက်ခြင်း

လူငယ်အများစုသည် လိင်တူစွဲမက်ခြင်းကို ကြုံတွေ့ဖူးခြင်း ရှိကြသည်ဟု  ဝေငှကြသည်။ ကမ္ဘာအနှံ့ရှိ ဆယ်ကျော်သက် (၅)ဦးတွင် (၁)ဦးသည် လွန်ခဲ့သော(၃)လအတွင်း၌ မိမိနှင့်လိင်တူသော တစ်ဦးတစ်ယောက်ကို စွဲလမ်းမှုရှိခဲ့သည်ဟု ခံစားကြောင်း ဖွင့်ပြောပါသည်။ ဆက်ကပ်သောခရစ်ယာန်များထက် အမည်ခံခရစ်ယာန်များသည် ဤအရာကို ပိုမိုဖွင့်ပြောကြပါသည်။

> ကမ္ဘာအနှံ့ရှိ ဆယ်ကျော်သက်(၅)ဦးတွင် (၁)ဦးသည် မကြာသေးမီက လိင်တူစွဲမက်မှုရှိကြောင်း ဖွင့်ပြောပါသည်။



# နိုင်ငံအလိုက် လိင်တူစွဲမက်ခြင်း

**ဦးဆောင်နေသော နိုင်ငံများ**

၁။ ဗြိတိန် ၂၉%
၂။ အာဂျင်တီးနား ၂၉%
၃။ အန္ဒိယ ၂၉%

**အဆင့်အနည်းဆုံး နိုင်ငံများ**


၁။ ဗီယက်နမ် ၁၄%
၂။ ဂျပန် ၁၄%
၃။ အင်ဒိုနီးရှား ၇%

ကျွန်ုပ်တို့၏ လေ့လာချက်တွင် အခြား ပြောင်းလဲနိုင်သောအရာများနှင့်အတူ ဤခေါင်းစဉ်ကို စစ်ဆေးသောအခါ စိတ်ဝင်စားစရာကောင်းသော ဆက်နွယ်မှုအမျိုးမျိုး ပေါ်ထွက်လာပါသည်။ ဥပမာ- မိန်းကလေးများသည် ယောကျ်ားလေးများထက် လိင်တူစွဲမက်ရာတွင် နှစ်ဆ ပိုများပါသည် (၂၈% နှင့် ၁၃%)။ လူငယ်တစ်ဦး၏ အိမ်တွင်းအတွေ့အကြုံသည်လည်း ထိုကိစ္စနှင့် ပါဝင်ပတ်သက်နိုင်ပါသည်။ မိသားစုအတွေ့အကြုံနည်းသော ဆယ်ကျော်သက်များသည် မိသားစုအတွေ့အကြုံကောင်းရရှိသော ဆယ်ကျော်သက်များထက် လိင်တူစွဲမက်မှုပိုရှိကြောင်း သိရှိရပါသည် (၃၀% နှင့် ၁၈%)။


ဘာသာရေးသည် သက်သာရာရစေသော အကြောင်းရင်းတစ်ရပ် ဖြစ်ပုံရပါသည်။ ဘာသာတရားတစ်ခုခု၌ ကျင်လည်သော ဆယ်ကျော်သက်များသည် မည်သည့်ဘာသာကိုမှ မကိုးကွယ်သော ဆယ်ကျော်သက်များထက် လိင်တူစွဲမက်သူ ပိုနည်းပါးပုံ ရပါသည် (၁၈% နှင့် ၂၅%)။ လိင်တူစွဲမက်မှုသည် မူဆလင်ဘာသာဝင်များအကြား (၁၃%) နှင့် မိမိကိုယ်ကိုဆက်ကပ်သော ခရစ်ယာန်များအကြား (၁၂%) တွင် ပို၍ နည်းပါးသည်။

နောက်ဆုံးတွင် လိင်တူစွဲမက်မှုသည် ကျွန်ုပ်တို့၏ အပြုအမူများနှင့် ဒွန်တွဲနေပုံ ရပါသည်။ မကြာသေးမီတွင် မိမိကိုယ်ကို သေကြောင်းကြံသည်ဟု ဖွင့်ပြောသော ဆယ်ကျော်သက်များတွင် ထက်ဝက်နီးပါး(၄၆%)သည် လိင်တူစွဲမက်သောသူဖြစ်ကြကြောင်း ဖွင့်ပြောကြပါသည်။ အပန်းဖြေရေးအတွက် မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ စိတ်ဓါတ်ကျခြင်း၊ အလွန်စိုးရိမ်ခြင်း (သို့) ညစ်ညမ်းဓါတ်ပုံ/ဗီဒီယို ကြည့်ခြင်းသည် ဆယ်ကျော်သက်တစ်ဦး၏ လိင်တူစွဲမက်မှုဖြစ်နိုင်ခြေကို နှစ်ဆဖြစ်စေသော အကြောင်းရင်းများ ဖြစ်ကြပါသည်။

## လိင်တူစွဲမက်မှုနှင့် ဆက်စပ်မှုရှိနိုင်သော အကြောင်းရင်း(၄)ခု



# လက်ထပ်ခြင်းအပေါ် အမြင်




သူတို့၏ လူကြီးဘဝနှင့် အနာဂတ်ဆက်နွယ်မှုများအတွက် သူတို့ယူဆောင်သွားမည့် လက်ထပ်ခြင်းနှင့်ပတ်သက်၍ ဆယ်ကျော်သက်များ၏ ယုံကြည်မှုများကိုလည်း ကျွန်ုပ်တို့ စူးစမ်းရှာဖွေပါသည်။

ဆယ်ကျော်သက်အများစု(၅၇%)တွင် လက်ထပ်ခြင်းသည် တစ်ဘဝစာဆက်ကပ်မှုဖြစ်ရမည်ဟု ယုံကြည်၍၊ အချို့သောသူများ(၂၇%) မှ မသေမချာဖြစ်ပြီး၊ ၁၆% မှာ သဘောမတူကြပါ။ လက်ထပ်ခြင်းသည် အမျိုးသားနှင့် အမျိုးသမီးကြားတွင်သာ ဖြစ်ရမည်ဟု ဆယ်ကျော်သက်အနည်းစုကသာ ယုံကြည်ကြသည်။ လူငယ်ထက်ဝက်နီးပါး(၄၈%) မှ ထိုသို့ဖြစ်ရမည်မဟုတ်ဟု ပြောနေချိန်တွင် အနည်းစု(၄၀%)မှာ ဖြစ်ရမည်ဟု ပြောပါသည်။


စိတ်ဝင်စားဖွယ်ကောင်းသည်မှာ မိန်းကလေးများသည် ယောကျ်ားလေးများထက် လက်ထပ်ခြင်းအပေါ် ကွဲပြားသောအမြင်ရှိကြကြောင်း ဖြစ်ပါသည်။ ပျမ်းမျှအားဖြင့် မိန်းကလေးများမှ လက်ထပ်ခြင်းသည် တစ်ဘဝစာဆက်ကပ်မှု ဖြစ်ရမည်ဟု ယုံကြည်ကြပြီး (၅၃% နှင့် ၆၁%)၊ လက်ထပ်ခြင်းသည် အမျိုးသားနှင့်အမျိုးသမီးကြားတွင် သီးသန့်ဖြစ်ရန်မလိုဟု ပြောသောသူလည်း များပါသည်။ (၅၈% နှင့် ၃၈%)

ယဉ်ကျေးမှုအသီးသီးအပေါ် ထင်မြင်ယူဆချက်များကို ကြည့်ရှုသောအခါ၊ လူငယ်များတွင် ကျယ်ပြန့်သောတုံ့ပြန်မှုအမျိုးမျိုး ရှိကြပါသည်။ အာဖရိကတွင်ရှိသော ဆယ်ကျော်သက်များမှ လက်ထပ်ခြင်းသည် တစ်ဘဝစာဆက်ကပ်မှုဖြစ်ရမည်ဟု အများဆုံးယုံကြည်ကြပြီး၊ တစ်ဖက်၌ လက်တင်အမေရိကတွင်ရှိသော ဆယ်ကျော်သက်များသည် ဒုတိယနေရာ၌ ပြောသောသူများ ဖြစ်ကြပါသည်။

လက်ထပ်ခြင်းအပေါ် သမ္မာကျမ်းစာ၏သွန်သင်ချက်သည် လူအနည်းစု လက်ခံသော ခံယူချက်တစ်ခု ဖြစ်ပါသည်။ ဆယ်ကျော်သက် (၇)ဦးတွင် (၁)ဦးကသာလျှင် လက်ထပ်ခြင်းသည် အမျိုးသားနှင့်အမျိုးသမီးကြား တွင် တစ်ဘဝစာဆက်ကပ်မှုဖြစ်ရမည် ဖြစ်ပြီး၊ လိင်ဆက်ဆံခြင်းကိုလည်း လက်ထပ်ပြီးမှသာ လုပ်ဆောင်ရမည်ဟု ယုံကြည်ကြသည်။


ဆယ်ကျော်သက် (၇) ဦးတွင် (၁)ဦးသည် လက်ထပ်ခြင်းအပေါ် သမ္မာကျမ်းစာ၏သွန် သင်ချက်ကို လက်ခံ ကြသည်။

## ဆယ်ကျော်သက်ခရစ်ယာန်များ၏ တုံ့ပြန်မှု





ဤအကြောင်းအရာအပေါ် သမ္မာကျမ်းစာ၏သွန်သင်ချက်များကို သွေဖယ်လျက်၊ လက်ထပ်ခြင်းမပြုမီ လိင်ဆက်ဆံခြင်းသည် လက်ခံနိုင်စရာ ဖြစ်သည်ဟု ယုံကြည်ရာ၌ ခရစ်ယာန်များသည် ကမ္ဘာလုံးဆိုင်ရာ ပျမ်းမျှနှုန်း (၅၁%) ဖြစ်ကြပါသည်။ အမှန်ဆိုလျှင် ဆယ်ကျော်သက်ခရစ်ယာန်များသည် အခြားသောဘာသာဝင် ဆယ်ကျော်သက်များထက် လွန်ခဲ့သော(၃)လအတွင်း၌ လိင်ဆက်ဆံကြသည်ဟု သူတို့ ဝန်ခံကြပါသည် (၃၄% နှင့် ၂၆%)။

ဤအကြောင်းအရာနှင့်ပတ်သက်၍ သမ္မာကျမ်းစာ၏သွန်သင်ချက်ကို ဆက်ကပ်သော ဆယ်ကျော်သက်ခရစ်ယာန်များမှ လက်ခံကြသော်လည်း သူတို့သည် မကြာသေးမီတွင် လိင်ဆက်ဆံမှုပြုကြသည်ဟု ဖွင့်ပြောကြသည်။




# မိတ်ဆွေနှင့် မိသားစု ဆက်နွယ်မှုများ

လက်ရှိ သူတို့၏အသိုင်းအဝန်းနှင့် ပတ်သက်လာလျှင် ဆယ်ကျော်သက်အများစုမှ သူတို့သည် မိတ်ဆွေနှင့် မိသားစု ဆက်နွယ်မှုများတွင် ကျေနပ်ကြသည်ဟု ပြောကြပါသည်။ ကမ္ဘာအနှံ့ရှိ ဆယ်ကျော်သက် ၈၂% မှ ယေဘုယျအားဖြင့် သူတို့၏မိသားစုအတွေ့အကြုံသည် ကောင်းသည်ဟု ပြောကြပါသည်။ လေ့လာချက်တွင် ဖော်ပြသော မိသားစု၊ ယဉ်ကျေးမှုနှင့် အခြေအနေအမျိုးမျိုးတို့ကို ထည့်သွင်းစဉ်းစားသည့်အခါ ဤအရာသည် အများစု ဖြစ်နေပါသည်။



ဆယ်ကျော်သက် ၅၇% မှ သူတို့သည် မိဘနှစ်ပါးရှိသော မိသားစုတွင် နေထိုင်ကြကြောင်း ဖွင့်ပြောကြသည်။



ဆယ်ကျော်သက် ၃၅% မှ သူတို့သည် မိဘတစ်ဦး (သို့) အခြားသူတို့၏ မိသားစုဝင်များနှင့်အတူ နေထိုင်ကြသည်ဟု ပြောကြသည်။

ကျွန်ုပ်တို့လေ့လာသောနိုင်ငံများတွင် ဤအချက်အလက်များနှင့် ပြောင်းပြန်ဖြစ်နေသောနိုင်ငံမှာ အိန္ဒိယနိုင်ငံသာ ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံရှိ ဆယ်ကျော်သက်ထက်ဝက်နီးပါး (၄၇%)မှ သူတို့သည် မိဘတစ်ဦးနှင့်သာ နေထိုင်ကြသည်ဟု ပြောကြပြီး၊ ၂၀% မှာ မိဘနှစ်ပါးစလုံးနှင့် နေထိုင်ကြသည်ဟု ပြောပါသည်။ ထိုသို့ဖြစ်စေကာမူ ကျွန်ုပ်တို့လေ့လာသော နိုင်ငံ(၂၀)များတွင် အိန္ဒိယနိုင်ငံရှိ ဆယ်ကျော်သက်များမှာ သူတို့၏မိသားစုအတွေ့အကြုံအား ကျေနပ်မှုအပြည့်ဝဆုံးဖြစ်ကြသည်ဟု ဖွင့်ပြောကြပါသည်။ ယေဘုယျအားဖြင့် အိန္ဒိယနိုင်ငံရှိ ဆယ်ကျော်သက် ၉၃% မှ သူတို့၏မိသားစုအတွေ့အကြုံသည် ကောင်းသည်ဟု ပြောကြသည်။

ဆယ်ကျော်သက်များသည် သူတို့၏မိဘများနှင့် နီးစပ်မှု မည်မျှရှိသည်ကို သိနိုင်ရန်၊ မကြာခဏ တိုင်ပင်ဆွေးနွေးခြင်းသည် မည်မျှလောက်အရေးကြီးကြောင်း သူတို့ကို မေးမြန်းခြင်းဖြင့် လက်တွေ့ကျသည့် အတွင်းသဘောတစ်ချို့ကိုလည်း ကျွန်ုပ်တို့စုဆောင်းထားပါသည်။ ကမ္ဘာအနှံ့ရှိ ဆယ်ကျော်သက်အများစုသည် သူတို့အတွက် အလွန်အရေးပါသောအရာများကို သူတို့မိဘများနှင့် တစ်ခါတစ်ရံ (သို့) မကြာခဏ တိုင်ပင်ကြသည်ဟု ပြောကြပါသည်။



ကမ္ဘာအနှံ့ရှိ ဆယ်ကျော်သက် ၈၁% မှ သူတို့အတွက် အလွန်အရေးပါသောအရာများကို သူတို့မိဘများနှင့် တစ်ခါတစ်ရံ (သို့) မကြာခဏ တိုင်ပင်ကြသည်ဟု ပြောကြပါသည်။




ဆယ်ကျော်သက် (၅)ဦးတွင် (၁)ဦးမှ သူတို့သည် သူတို့၏မိဘများနှင့် တိုင်ပင်ဆွေးနွေးမှုသိပ်မရှိပါ (သို့) မည်သည့်အခါမျှ မရှိဟု ပြောပါသည်။


နောက်တစ်ဖန်၊ အိန္ဒိယနိုင်ငံသည် မိမိအတွက် အလွန်အရေးပါသောအရာများကို မိဘများနှင့် မကြာခဏ တိုင်ပင်ဆွေးနွေးကြသည်ဟု ပြောကြသော ဆယ်ကျော်သက် ၆၃% ရှိသော မှတ်သားဖွယ်ရာနိုင်ငံ ဖြစ်သည်။

အခြားတစ်ဖက်တွင်၊ အမေရိကန်နိုင်ငံ၏ ဆယ်ကျော်သက်များသည် အရေးကြီးသော တိုင်ပင်ဆွေးနွေးမှုများကို အနည်းဆုံး ပြုလုပ်သောသူများ ဖြစ်ကြသည်။ မိသားစုအပေါ် ကျေနပ်ရောင့်ရဲမှုနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံသည် အဆင့်အနိမ့်ဆုံးနိုင်ငံဖြစ်သည်။ ယေဘုယျအားဖြင့် အမေရိကန်နိုင်ငံရှိ ဆယ်ကျော်သက် (၁၀)ဦးတွင် (၃)ဦးသည် သူတို့၏မိသားစုအတွေ့အကြုံသည် မကောင်းဘူးဟု ပြောကြသည်။

> ကမ္ဘာအနှံ့ရှိ ဆယ်ကျော်သက် ၈၂% မှ သူတို့အား ကောင်းမွန်စွာသိကျွမ်းသည့် ရင်းနှီးသောမိတ်ဆွေများ ရှိကြသည်ဟု ပြောကြပါသည်။




## ကျွန်ုပ်ကို ကောင်းမွန်စွာသိကျွမ်းသည့် ရင်းနှီးသောမိတ်ဆွေများ ကျွန်ုပ်တွင် ရှိပါသည်။




ဆယ်ကျော်သက်များမှ သူတို့၏အသက်တာတွင် ခိုင်မာသော ခင်မင်မှုများ ရှိကြသည်ဟုလည်း ပြသထားပါသည်။ ကမ္ဘာအနှံ့ရှိ ဆယ်ကျော်သက် ၈၁% မှ သူတို့ကို ကောင်းမွန်စွာသိကျွမ်းသည့် ရင်းနှီးသောမိတ်ဆွေများ ရှိကြသည်ဟု ပြောကြပါသည်။ တစ်ကမ္ဘာလုံးတွင် လက်တစ်ဆုပ်စာသာရှိသော နိုင်ငံများ၏ ဆယ်ကျော်သက်အနည်းစုမှ သဘောမတူကြပါ။

စိတ်ဝင်စားဖွယ်ကောင်းသည်မှာ မိတ်ဆွေများ (သို့) မိသားစုအပေါ် ဆယ်ကျော်သက်တစ်ဦး၏ကျေနပ်မှုတွင် ဘာသာရေးနှင့် ဖိုမကိစ္စသည် အရေးကြီးသောအခန်းကဏ္ဍဖြစ်ပုံ မရှိပါ။ ခင်မင်ရင်းနှီးမှုများ၊ မိသားစုအတွေ့အကြုံကောင်းများ၊ မိဘများနှင့်အတူ အဓိပ္ပါယ်ရှိသော တိုင်ပင်ဆွေးနွေးခြင်းများ ရှိ/မရှိအကြောင်းနှင့် ပတ်သက်လာလျှင်၊ ယောကျ်ားလေးနှင့်မိန်းကလေးများအကြားနှင့် ကွဲပြားသောဘာသာတရားအသီးသီး၏ ဆယ်ကျော်သက်များအကြားတွင် တုံ့ပြန်မှုများသည် ဆင်တူရိုးမှား ဖြစ်ကြပါသည်။

# နိဂုံး

မည်သူမည်ဝါဖြစ်ခြင်း၊ ဆက်နွယ်ခြင်းမှုများနှင့် ပတ်သက်သော ခေါင်းစဉ်များတွင် ရှုထောင့်အမျိုးမျိုးရှိနိုင်ပြီး၊ ဖြေရှင်းရန် ခက်ခဲနိုင်ပါသည်။ လူတိုင်းသည် မိမိ၏ နောက်ခံသမိုင်း၊ အတွေ့အကြုံများနှင့် ထင်မြင်ယူဆချက်များကို တိုင်ပင်ဆွေးနွေးသည့်နေရာသို့ အသီးသီး ယူဆောင်လာကြပါသည်။ ဤတစ်ကမ္ဘာလုံးဆိုင်ရာမျိုးဆက်ကို ဖော်ဆောင်သော ရှုထောင့်တစ်ခုမျှ မရှိချိန်တွင် အချက်အလက်သည် ကျွန်ုပ်တို့၏ နားလည်သဘောပေါက်မှုနှင့် တုံ့ပြန်မှုကို လမ်းပြပေးနိုင်သော အရေးပါသည့် ဦးတည်ချက်များကို ဖော်ထုတ်ပါသည်။

- **ဤမျိုးဆက်သည် ဖိုမလက္ခဏာနှင့်ပတ်သက်၍ အမြင်ကွဲပြားကြပါသည်။**
  ယနေ့ဆယ်ကျော်သက် ထက်ဝက်က ကျားမဖြစ်ခြင်းသည် မွေးဖွားလာသည့် လိင်အားဖြင့် သတ်မှတ်သည်ဟု ယုံကြည်ပါသော်လည်း၊ အခြားထက်ဝက်က ကျားမဖြစ်ခြင်းသည် လူတစ်ဦး၏ခံစားချက် (သို့)လိင်ပိုင်းဆိုင်ရာဆန္ဒအရ ကိုယ်ပိုင်ဆုံးဖြတ်ရမည့် အရာဖြစ်သည်ဟု ပြောကြပါသည်။ စုံလင်သောစကားဝိုင်းထဲသို့ ဤခေါင်းစဉ်နှင့် အရေးကြီးသော လက်တွေ့ကျင့်ဆောင်ရမည့် ဘဝရွေးချယ်မှုများအကြောင်းကို ဆယ်ကျော်သက်များအား ကျွန်ုပ်တို့ ဘယ်လိုပါဝင်စေနိုင်မလဲ။

- **ဆယ်ကျော်သက်များသည် လက်ထပ်ခြင်းနှင့်ပတ်သက်၍ သူတို့ကိုယ်တိုင်၏ အမြင်ရှိကြပါသည်။**
  လက်ထပ်ခြင်းသည် အမျိုးသားနှင့်အမျိုးသမီးအကြားတွင် တစ်ဘဝစာဆက်ကပ်မှုဖြစ်ရမည်ဟူသော ထုံးတမ်းစဉ်လာအမြင်မှ ဤမျိုးဆက်သည် ဆုတ်ခွာပုံရပါသည်။ ထို့အပြင် ဆယ်ကျော်သက်အများစုသည် လက်ထပ်ခြင်းမပြုမီ လိင်ဆက်ဆံခြင်းကို ထိန်းချုပ်ရန်မလိုအပ်ဟု မြင်ကြပါသည်။ လက်ထပ်ခြင်းနှင့်ပတ်သက်၍ ဘုရားသခင်၏အကြံအစည်နှင့် ပဋိညာဉ်နှင့်ပတ်သက်လာလျှင်၊ ဆပ်ကပ်ခြင်း၏အကျိုးကျေးဇူးများကို ဆယ်ကျော်သက်များမှ နားလည်နိုင်ရန် သူတို့ကို ကျွန်ုပ်တို့မည်ကဲ့သို့ ကူညီရမည်နည်း။

- **မိန်းကလေးများသည် ယောကျာ်းလေးများထက် ကွဲပြားသောအမြင်များနှင့် အတွေ့အကြုံများ ရှိကြသည်။**
  ဤလေ့လာရှာဖွေချက်အရ မိန်းကလေးများသည် ယောကျာ်းလေးများထက် လက်ထပ်ခြင်းနှင့်ပတ်သက်၍ သမ္မာကျမ်းစာ၏သွန်သင်ချက်အပေါ်လက်ခံမှုနှုန်း နည်းပါးကြောင်းနှင့် ဖိုမဖြစ်ခြင်းကိစ္စကို ပို၍ တွေ့ကြုံခံစားရကြောင်း ပြသထားသည်။ အချက်အလက်သည် မည်သည့်အရာဖြစ်ပျက်ကြောင်းကို ဖော်ပြပြီး၊ အဘယ်ကြောင့် မှန်ရသနည်း (သို့) ဤဦးတည်ချက်များထံသို့ အခြားမည်သည့်အရာ ပါဝင်အကြံပြုနိုင်မည်နည်းဟူသော အရာများကို မဖော်ပြပါ။ ဤအခန်းကဏ္ဍတွင် မိန်းကလေးများသည် သူတို့၏ ခံယူချက်များ၊ အတွေ့အကြုံများနှင့် ရုန်းကန်မှုများကို ပိုမိုသိရှိနားလည်အောင် သူတို့ကို ကျွန်ုပ်တို့ မည်ကဲ့သို့ ကူညီနိုင်မည်နည်း။

- **ဆယ်ကျော်သက်များသည် သူတို့၏ မိသားစုဆက်နွယ်မှုများအပေါ် အတော်အသင့် ကျေနပ်ကြသည်။**
  အိန္ဒိယနိုင်ငံရှိ ဆယ်ကျော်သက်များသည် မိဘတစ်ပါးသာရှိသော အိမ်များတွင် မကြာခဏ နေထိုင်သောသူများ ဖြစ်ကြသော်လည်း၊ သူတို့သည် သူတို့၏ မိသားစုအတွေ့အကြုံတွင် အပျော်ရွှင်ဆုံးသောသူများဖြစ်ကြကြောင်း တွေ့မြင်ရသည်မှာ စိတ်ဝင်စားစရာကောင်းပါသည်။ ဤအရာကိုကြည့်ခြင်းအားဖြင့် လူငယ်များသည် သူတို့၏အခြေအနေ (သို့) ဘဝခရီးတွင် သူတို့ ရင်ဆိုင်ရမည့် အခက်အခဲများ မည်သို့ပင်ဖြစ်စေ၊ သူတို့၏မိသားစုများကို အမှန်စင်စစ် ချစ်နေကြကြောင်း ထင်ရှားပါသည်။




# လွှမ်းမိုးမှုများနှင့် လမ်းပြသော အသံများ

# ကျွန်ုပ်တို့ ရှာဖွေတွေ့ရှိသောအရာ

## ဘဝ၏ အဓိပ္ပါယ်

မည်သည့်အရာသည် အမှားနှင့်အမှန် ဖြစ်သနည်း။ ဘဝ၏အဓိပ္ပါယ်မှာ မည်သည့်အရာဖြစ်သနည်း စသည့် အရေးကြီးဆုံးသော မေးခွန်းများအပေါ် လမ်းညွှန်မှုအတွက် မိသားစုသည် သူတို့ကို အဓိက လွှမ်းမိုးသောအရာဖြစ်သည်ဟု ဆယ်ကျော်သက်များမှ ပြောကြသည်။






## ကျားမဖြစ်ခြင်းနှင့် လိင်ကိစ္စ

ကျားမဖြစ်ခြင်းကိစ္စနှင့် လိင်ကိစ္စအကြောင်း တိုင်ပင်ဆွေးနွေးခြင်းနှင့် ပတ်သက်လာလျှင် လူမှုကွန်ယက်သတင်းနှင့် သူငယ်ချင်းများသည် ဆယ်ကျော်သက်များကို ထိပ်ဆုံးမှ လွှမ်းမိုးသူများ ဖြစ်ကြသည်။

ဆယ်ကျော်သက်များသည် ဘာသာရေး ယုံကြည်မှုနှင့်ပတ်သက်၍ သူတို့၏စိတ်ကို ပြောင်းမည် ဟု ပြောရခြင်း အကြောင်းရင်းတစ်ခုမှာ ကိုယ်ပိုင်အတွေ့ အကြုံများကြောင့် ဖြစ်ပါသည်။



အချို့အစားအရ အနည်းငယ်သော ဆယ်ကျော်သက် ခရစ်ယာန်များ သည် ဘာသာရေးယုံကြည်မှုနှင့် ပတ်သက်၍ သူတို့၏စိတ်ကို ပြောင်းလဲရမည့် အဓိက အကြောင်းရင်းမှာ သူတို့၏သင်းအုပ် သင်ကြားခြင်းများဖြစ်သည်ဟု ပြောကြပါသည်။





ဆက်ကပ်သော ခရစ်ယာန် ဆယ်ကျော်သက်များသည် အမည်ခံခရစ်ယာန်များထက် သူတို့ကို လမ်းပြဖို့ရန် သင်းအုပ်များ (သို့) သမ္မာကျမ်းစာ ကို (၄)ဆ ပို၍ ချဉ်း ကပ်ကြပါသည်။

# လွှမ်းမိုးမှုများနှင့် လမ်းပြသော အသံများ

ဆယ်ကျော်သက်များသည် အကြောင်းအရာအမျိုးမျိုးအပေါ်တွင် ခံယူချက်အသီးသီး ရှိကြပါသည်။ သို့သော် ဤအမြင်များသည် ရှားပါးစွာ သီးသန့် ဖြစ်ပုံရပါသည်။ ကျွန်ုပ်တို့သည် ဤမျိုးဆက်အပေါ် လွှမ်းမိုးမှုအကြီးမား ဆုံးသောအရာများကို စူးစမ်းကြပါသည်။

လမ်းပြခြင်းနှင့် အကြံဉာဏ်အတွက် သူတို့သည် မည်သူကို ယုံကြည်ကိုးစားရမည်နည်း။ ဘဝတွင် အရေးကြီး ဆုံးသောမေးခွန်းတစ်ချို့ရောက်ရှိလာသောအခါ မည်သည့်အသံကို သူတို့ နားထောင်ရမည်နည်း။ အရေးကြီး သောယုံကြည်မှုနှင့်ပတ်သက်၍ မည်သည့်အရာသည် သူတို့၏စိတ်ကို ပြောင်းလဲစေမည်နည်း။

ပြည့်စုံမည်မဟုတ်သော်လည်း ယနေ့ခေတ် ဆယ်ကျော်သက်များသည် သူတို့၏အမြင်ကို မည်သို့ပုံသွင်းကြောင်း ထိုးထွင်းသိမြင်နိုင်သောဉာဏ်ကို ဤအချက်အလက်မှ ကျွန်ုပ်တို့အား ပေးပါသည်။

## ဆယ်ကျော်သက်များသည် မိသားစုကို ယုံကြည်ကိုးစားကြသည်

ဆယ်ကျော်သက်များအနေဖြင့် သူတို့သည် ဘဝ၏အရေးကြီးသော အခန်းကဏ္ဍတစ်ချို့အပေါ် လမ်းပြမှုအတွက် မိသားစုကို မကြာခဏ ချဉ်းကပ်ကြသည်ဟု ကျွန်ုပ်တို့ကို ပြောကြပါသည်။ မည်သည့်အရာသည် အမှား၊ အမှန် ဖြစ်သနည်း၊ ဘဝ၏အဓိပ္ပါယ်မှာ မည်သည့်အရာဖြစ်သနည်း စသည့် မေးခွန်းများနှင့်ပတ်သက်လျှင်၊ မိသားစုဝင်များသည် ထိပ်ဆုံးမှ လွှမ်းမိုးသူများ ဖြစ်ကြပါသည်။

သူငယ်ချင်းများ၊ သက်တူရွယ်တူသူများနှင့် လူမှုကွန်ယက်သတင်းတို့သည် ဆယ်ကျော်သက်များကို ထိပ်ဆုံးမှ လွှမ်းမိုးသော အချက်(၃)ချက် ဖြစ်ပါသည်။ သူတို့၏စာရင်းတွင် ဆရာများ (သို့) အတိုင်ပင်ခံများ၊ ဘာသာရေး ခေါင်းဆောင်များ(သို့) ဘာသာရေးစာများနှင့်အတူ သတင်းစာစောင်များသည် စာရင်းအောက်ပိုင်းတွင် ရောက်ရှိနေပါသည်။

ဆယ်ကျော်သက်များကို ကျွန်ုပ်တို့ မေးမြန်းစရာ အခန်းကဏ္ဍ အများအပြား ရှိပါသေးသည်။ သို့သော် ဘဝ၏ အဓိကရည်ရွယ်ချက် အကြောင်းနှင့် အကျင့်စာရိတ္တသည် မည်သို့ရှိလာကြောင်းကို သင်ယုံကြည်သည့်အချက်က သင်မည်သို့ပြုမူနေထိုင်ရမည်ကို လေးနက်စွာ သက်ရောက်မှုရှိမည်ဖြစ်သည်။

**ဘဝ၏အဓိပ္ပါယ်ကို တိုင်ပင်ဆွေးနွေးခြင်း**



၁ မိသားစုဝင်များ ၄၁%

၂ အွန်လိုင်း/လူမှုကွန်ယက် သတင်း ၂၀%

၃ မိတ်ဆွေများ/သက်တူရွယ်တူများ ၁၉%

၄ ဆရာများ/အတိုင်ပင်ခံများ ၇%

၅ သတင်း/စာစောင်များ ၇%

၆ ဘာသာရေး ခေါင်းဆောင်များ/ စာများ ၇%

## အမှားနှင့်အမှန်အကြောင်း တိုင်ပင်ဆွေးနွေးခြင်း

၁ မိသားစုဝင်များ ၄၁%
၂ မိတ်ဆွေများ/သက်တူရွယ်တူများ ၁၉%
၃ အွန်လိုင်း/လူမှုကွန်ယက် သတင်း ၂၀%
၄ ဆရာများ/အတိုင်ပင်ခံများ ၇%
၅ ဘာသာရေး ခေါင်းဆောင်များ/ စာများ ၇%
၆ သတင်း/စာစောင်များ ၇%

ဤအခြေခံမေးခွန်းနှစ်ခုသည် ဆယ်ကျော်သက်အရွယ် ကာလတစ်လျှောက်တွင် အရေးပါကာ သူတို့၏လောကအမြင်တည်ဆောက်နေချိန် - လူကြီးဘဝရောက်သည်အထိ သူတို့ သယ်ဆောင်သွားရမည့်-ယုံကြည်မှုလမ်းညွှန်ချက် တည်ဆောက်ချိန်-ဖြစ်သည်။


အကျင့်စာရိတ္တနှင့် ပတ်သက်လျှင် လက်တင်အမေရိက၏ ဆယ်ကျော်သက်များသည် အခြားဒေသတွင်ရှိသော ဆယ်ကျော်သက်များထက် မိသားစုကို ပို၍ အားကိုးကြသည်။ လက်တင်အမေရိကတွင်ရှိသော ဆယ်ကျော်သက်(၅)ဦးတွင် (၃)ဦးမှ မိသားစုသည် မည်သည့်အရာမှာ မှားသည်/မှန်သည်ဆိုသည့်အပေါ် သတင်းအချက်အလက် (သို့) လမ်းပြမှုများ ရယူသောနေရာဖြစ်သည်ဟု ပြောကြပါသည်။

သို့သော် သဘောတူညီမှုနှုန်း ပို၍နည်းသော နိုင်ငံများ၌ပင် မိသားစုသည် ထိုကမ်းလှမ်းမှုအပေါ် ထိပ်ဆုံးမှ ရွေးချယ်သောအဖြေအဖြစ် ရပ်တည်နေပါသည်။


## နိုင်ငံအလိုက် မိသားစု၏ လွှမ်းမိုးမှု

*ကျွန်တော်/မသည် မည်သည့်အရာမှာ မှားသည်/မှန်သည်ဆိုသည့်အပေါ် သတင်းအချက်အလက် (သို့) လမ်းပြမှုများရယူရန် မိသားစုထံ မကြာခဏ သွားပါသည်။*

ဦးဆောင်နေသော နိုင်ငံများ




အဆင့်အနည်းဆုံး နိုင်ငံများ




မိသားစုတွင် အတွေ့အကြုံကောင်း မရနိုင်ဟု ဖွင့်ပြောသော နိုင်ငံများတွင်လည်း မိသားစုသည် ဆယ်ကျော်သက်များအတွက် အရေးကြီးသော လမ်းပြအသံအဖြစ် ရပ်တည်လျက်ရှိပါသည်။ ဥပမာ- မိသားစုအပေါ် ဆက်ကျော်သက်များ၏ ကျေနပ်ရောင့်ရဲမှုနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံသည် အနိမ့်ဆုံးအဆင့် ဖြစ်နေပါသည်။ သို့သော်လည်း၊ အမေရိကန် ဆယ်ကျော်သက်များသည် မည်သည့်အရာမှာ မှားသနည်း၊ မှန်သနည်း (၅၂%) (သို့) ဘဝ၏အဓိပ္ပါယ်မှာ မည်သည့်အရာဖြစ်သနည်း (၄၂%) ဆိုသည့်မေးခွန်းများအတွက် သတင်းအချက်အလက် (သို့) လမ်းပြမှုရယူရန် မိသားစုထံ မကြာခဏ သွားကြသည်ဟု ပြောဆိုသည်ထက် ပို၍ ပျမ်းမျှနှုန်း မြင့်မားပါသည်။ ခရီးစဉ်တစ်လျှောက် အထိအခိုက်များကို မမှုဘဲ၊ မိဘများနှင့် မိသားစုဝင်တို့သည် ဆယ်ကျော်သက်များ၏အသက်တာ၌ အားကိုးထိုက်သော လွှမ်းမိုးသူများ ဆက်လက်ဖြစ်နေကြပုံ ရပါသည်။

ဆယ်ကျော်သက်များကို လွှမ်းမိုးသောအရာများသည် သူတို့ကိုးကွယ်သော ဘာသာတရားအပေါ် မူတည်၍ အနည်းငယ် ကွဲပြားသည်မှာ အံ့သြစရာမဖြစ်ပေ။ ခရစ်ယာန်များသည် အခြားဆယ်ကျော်သက်များထက် ဘဝ၏အဓိပ္ပါယ်သည် မည်သည့်အရာဖြစ်သနည်းဆိုသည့် မေးခွန်းအပေါ် လမ်းပြမှုအတွက် သူတို့၏မိသားစုကို ပို၍ ချဉ်းကပ်ကြပြီး၊ လူမှုကွန်ယက်သတင်း (သို့) မိတ်ဆွေများနှင့် သက်တူရွယ်တူများကို သိပ်မချဉ်းကပ်ကြပါ။

ဆယ်ကျော်သက်ခရစ်ယာန် **(၁၀)ဦးတွင် (၁)ဦး** ထက်နည်းသောသူမှ သူတို့သည် ဘဝ၏အဓိပ္ပါယ်မှာ မည်သည့်အရာဖြစ်သနည်းဆိုသည့် မေးခွန်းအပေါ် လမ်းပြမှုအတွက် သူတို့၏ သင်းအုပ်ဆရာများ (သို့) သမ္မာကျမ်းစာကို မကြာခဏ ချဉ်းကပ်ကြသည်ဟု ပြောကြပါသည်။

## ဘာသာရေး၏ လွှမ်းမိုးမှုများ

*ဘဝ၏အဓိပ္ပါယ်သည် မည်သည့်အရာဖြစ်သနည်းဆိုသည့် မေးခွန်းအပေါ် သတင်းအချက်အလက် (သို့) လမ်းပြမှုအတွက် ကျွန်တော်/မသည် မည်သည့်နေရာ၌ အများဆုံး သွားသနည်း။*



# ကွဲပြားသော တိုင်ပင်ဆွေးနွေးခြင်းတစ်ခု

ဆယ်ကျော်သက်များကို ကျွန်ုပ်တို့မေးမြန်းသော အခြားကဏ္ဍ တစ်ခုတွင် ဖိုမဖြစ်ခြင်း၊ လိင်ဆက်ဆံခြင်းနှင့် လိင်ကိစ္စနှင့်ပတ်သက်သော အကြောင်းအရာများ ပါဝင်ပါသည်။ ဤတိုင်ပင်ဆွေးနွေးခြင်းသည် ဆယ်ကျော်သက်များဖွင့်ပြောသော သူတို့ကို လွှမ်းမိုးသည့်အရာ အမျိုးမျိုးနှင့် အလွန်ကွဲပြားပုံရပါသည်။

အင်တာနက်သည် ဤနေရာ၌ အရေးကြီးသော လမ်းပြအသံ ဖြစ်ပါသည်။ ဤအကြောင်းအရာနှင့်ပတ်သက်၍ သတင်းအချက်အလက် (သို့) လမ်းပြမှုရယူရန် ဆယ်ကျော်သက် (၃)ဦးတွင် (၁) ဦးသည် လူမှုကွန်ယက်သတင်းကို မကြာခဏ ချဉ်းကပ်သည်ဟု ပြောပါသည်။ မိတ်ဆွေများ (သို့) သက်တူရွယ်တူသူများသည် ဒုတိယအလွှမ်းမိုးဆုံး ဖြစ်ကြပြီး၊ မိသားစုဝင်များသည် ထိပ်ဆုံး(၃) ခုတွင် ပါဝင်ပါသည်။ ဘာသာရေးခေါင်းဆောင်များ (သို့) စာများသည် အနိမ့်ဆုံးအဆင့်စာရင်းတွင် ရှိနေကြသည်။

ခရစ်ယာန်များအကြား၌ပင်လျှင် ဤအကြောင်းအရာနှင့်ပတ်သက်၍ အွန်လိုင်းအရင်းအမြစ် (သို့) လူမှုကွန်ယက်သတင်းသည် ဆယ်ကျော်သက်များကို လွှမ်းမိုးသော ထိပ်ပိုင်းအဖြစ် မိသားစုကို အစားထိုး နေရာယူနေပါသည်။ ဖိုမဖြစ်ခြင်းကိစ္စ၊ လိင်ကိစ္စနှင့် ပတ်သက်လာလျှင် ယဉ်ကျေးမှု၏ အသံသည် သမ္မာကျမ်းစာ (သို့) အသင်းတော်ကဲ့သို့သော အခြားသောအသံများကို နှစ်မြှုပ်စေပါသည်။

**ကျားမဖြစ်ခြင်းနှင့် လိင်ကိစ္စ**
**တိုင်ပင်ဆွေးနွေးခြင်းများ**

၁။ အွန်လိုင်း/လူမှုကွန်ယက် သတင်း ၃၆%
၂။ မိတ်ဆွေများ/သက်တူရွယ်တူများ ၂၃%
၃။ မိသားစုဝင်များ ၂၀%
၄။ ဆရာများ/အတိုင်ပင်ခံများ ၁၁%
၅။ သတင်း/စာစောင်များ ၆%
၆။ ဘာသာရေးခေါင်းဆောင်များ/ စာများ ၄%

သို့သော်လည်း ခရစ်ယာန်ဘာသာ၏ အဓိကယုံကြည်ချက်များကို စွဲကိုင်ပြီး၊ ကျမ်းစာဖတ်ခြင်းနှင့် ဆုတောင်းခြင်း အလေ့အထရှိသော မိမိကိုယ်ကိုဆက်ကပ်သည့် ခရစ်ယာန်များအကြားတွင် အရေးပါသော ကွဲပြားမှုများကို ကျွန်ုပ်တို့ တွေ့မြင်ရပါသည်။ ဤဆယ်ကျော်သက်များသည် သူတို့၏ ဘာသာရေးခေါင်းဆောင်များနှင့် ဘုရားသခင်၏နှုတ်ကပတ်တော်တို့ကို ပို၍ အာရုံစိုက်ကြပါသည်။ ဆက်ကပ်သည့်ခရစ်ယာန်များသည် အမည်ခံခရစ်ယာန်များထက် ဘာသာရေးခေါင်းဆောင်များ (သို့) စာများကို မကြာခဏ ချဉ်းကပ်ရာတွင် လေးဆပိုများကြောင်း သိရပါသည်။

**အောက်ပါအကြောင်းနှင့်ပတ်သက်၍ သတင်းအချက်အလက် (သို့) လမ်းပြမှုရယူရန် ဘာသာရေးခေါင်းဆောင်များ (သို့) စာများကို မကြာခဏ ချဉ်းကပ်ခြင်း။**



# မည်သည့်အရာသည် သူတို့၏စိတ်ကို ပြောင်းလဲစေမည်နည်း။

လွှမ်းမိုးမှုသည် ခံယူချက်များကို အသိပေးပြီး ပုံသွင်းရန် ကူညီပါသည်။ သို့သော် နောက်ဆုံးတွင် အားလုံးသည် သူတို့ယုံကြည်ရမည့်အရာနှင့် ထိုယုံကြည်မှုကို မည်မျှလောက် ခိုင်မာအောင် တွယ်ဖက်ထားမည်ကို သူတို့ကိုယ်တိုင် ဆုံးဖြတ်ထားပါသည်။

ဆယ်ကျော်သက်များသည် သူတို့စွဲကိုင်ထားသော ယုံကြည်ချက်နှင့်ပတ်သက်၍ သူတို့၏စိတ်ကို ပြောင်းလဲစေမည့် အရာကို တွေ့ရှိရန် အပေါ်ယံအမြင်ပြင်ပထိ ကျွန်ုပ်တို့ ရှာဖွေလေ့လာချင်ပါသည်။

ဆုတောင်းချက်များ အဖြေရခြင်း စသည့် ကိုယ်ပိုင်အတွေ့အကြုံများသည် အများဆုံးရွေးချယ်ခြင်းခံရသောအဖြေ ဖြစ်ပါသည်။ ဆယ်ကျော်သက်များသည် ကိစ္စတစ်ခုခုကို သူတစ်ပါးနှင့်တိုင်ပင်ခြင်းထက် သူတို့ကိုယ်သူတို့ စူးစမ်းရှာဖွေခြင်းကို သဘောကျကြသည်။ မိဘများ (သို့) သင်းအုပ်ဆရာများကဲ့သို့သော အခွင့်အာဏာရှိသော ပုဂ္ဂိုလ်များနှင့် တိုင်ပင်ဆွေးနွေးခြင်းသည် စာရင်းတွင် အောက်ပိုင်းသို့ ရောက်ရှိပြီး၊ မိတ်ဆွေများနှင့် တိုင်ပင်ဆွေးနွေးခြင်းသည် နောက်ဆုံးသို့ ရောက်နေပါသည်။

**ဘာသာရေးနှင့်ဆိုင်သော ယုံကြည်မှုနှင့် ပတ်သက်၍ မည်သည့်အရာသည် သင်၏စိတ်ကို ပြောင်းလဲမှုပေးနိုင်ဆုံး ဖြစ်မည်နည်း။**

၁။ ဆုတောင်းသည့်အဖြေကိုရခြင်း စသည့် ကိုယ်ပိုင်အတွေ့အကြုံများ ၃၇%

၂။ အွန်လိုင်း (သို့) စာအုပ်များမှ မိမိကိုယ်ကို စူစမ်းလေ့လာခြင်း ၂၆%

၃။ ကျွန်ုပ်၏ မိဘများနှင့် တိုင်ပင်ဆွေးနွေးခြင်း ၁၈%


၄။ ဘာသာရေးခေါင်းဆောင်များမှ သင်ယူခြင်း ၁၂%

၅။ မိတ်ဆွေများနှင့် တိုင်ပင်ဆွေးနွေးခြင်း ၈%

အိန္ဒိယနိုင်ငံသည် ဤမေးခွန်းအပေါ် တုံ့ပြန်မှုများ သိသာထင်ရှားစွာ ပြောင်းပြန်ဖြစ်နေသော တစ်ခုတည်းသောနိုင်ငံ ဖြစ်သည်။ အိန္ဒိယဆယ်ကျော်သက် ထက်ဝက်နီးပါး(၄၆%)သည် သူတို့၏မိဘများနှင့် တိုင်ပင်ဆွေးနွေးခြင်းသည် သူတို့၏စိတ်ကို ပြောင်းလဲစေသော အဓိကအချက်ဖြစ်သည်ဟု ပြောကြပြီး၊ သူတို့သည် ကိုယ်ပိုင်အတွေ့အကြုံများကို ပိုမိုနိမ့်သောအဆင့်၌ ထားကြပါသည် (၁၅%)။

ဘာသာမဲ့ဆယ်ကျော်သက်များသည် သူတို့ကိုယ်တိုင်၏ စူးစမ်းရှာဖွေမှုအပေါ် အလွန်ပင် အမှီပြုကြပါသည်။ သို့သော်လည်း ကိုယ်တွေ့အတွေ့အကြုံသည် သူတို့ကို ပို၍ လွှမ်းမိုးမည်ဟု ပြောကြပါသည်။ ကိုယ်တွေ့အတွေ့အကြုံများသည် သူတို့၏စိတ်ကို ပြောင်းလဲစေမည်ဟု အခြားသောဘာသာဝင်များထက် ခရစ်ယာန်များမှ ပို၍ ပြောကြပါသည်။ ဘာသာအားလုံးထဲတွင် မူဆလင်ဘာသာဝင်များသည် ကိုယ်တွေ့အတွေ့အကြုံများအပေါ် အလေးထားမှုကို အနိမ့်ဆုံး၌ ထားပြီး၊ ဘာသာရေးခေါင်းဆောင်များ၏ သင်ကြားမှုအပေါ် အလေးထားမှုကို အမြင့်ဆုံး၌ ထားကြပါသည်။ (အောက်တွင် ဖော်ပြသော "အခြားသောဘာသာဝင်များ" စာရင်းတွင်ပါဝင်သော ဘာသာတရားများတွင် မူဆလင်ဘာသာသည် အကြီးမားဆုံးသောဘာသာတရားဖြစ်သည်ကို မှတ်သားပါ)။

## ဘာသာရေးဆိုင်သောယုံကြည်မှုနှင့် ပတ်သက်၍ သူတို့၏စိတ်ကို ပြောင်းလဲစေမည့်အရာများ



# နိဂုံး

ပိုမို ရှုပ်ထွေးလာပြီး၊ နားလည်ရခက်သောသူတို့နေထိုင်သည့် ကမ္ဘာတွင် ဆယ်ကျော်သက်များ အာရုံစိုက်သော လွှမ်းမိုးမှုများနှင့် လမ်းပြအသံများကို သူတို့ကိုယ်တိုင်ထံမှ တိုက်ရိုက်ကြားနာခြင်းသည် အလွန်အကျိုးရှိပါသည်။ သူတို့၏ တုံ့ပြန်မှုများနှင့်ပတ်သက်၍ စဉ်းစားရမည့်အရာများမှာ အောက်ပါအတိုင်းဖြစ်သည်။

- **မိသားစုလွှမ်းမိုးမှုသည် အလွန်ရေးပါသည်။**
  ဘဝတွင်အရေးကြီးဆုံးသောမေးခွန်းတစ်ချို့ရောက်ရှိလာသောအခါ- သူတို့ကို လမ်းပြရန် ဆယ်ကျော်သက်များသည် သူတို့၏ မိသားစုကို အကြွင်းမဲ့ကိုးစားပြီး၊ ချဉ်းကပ်ကြကြောင်း ဤလေ့လာရာဖွေချက်မှ ပြသထားပါသည်။ ကလေးတစ်ဦးသည် သူယုံကြည်ရမည့်အရာကို ဆုံးဖြတ်ရာတွင် သူ၏မိဘများသည် အလွန်အရေးကြီးသောအခန်းကဏ္ဍ၌ ပါဝင်ကြပါသည်။

- **သမ္မာကျမ်းစာနှင့် အသင်းတော်၏ လွှမ်းမိုးမှုသည် အခြားသောအရင်းအမြစ်များ၏ လွှမ်းမိုးမှုထက် ပို၍ နည်းပါးသည်။**
  ဤအရာသည် အထူးသဖြင့် ဖိုမဖြစ်ခြင်းကိစ္စနှင့် လိင်ကိစ္စအကြောင်း တိုင်ပင်ဆွေးနွေးခြင်းနှင့် ပတ်သက်လာလျှင် မှန်ကန်ပါသည်။ ယဉ်ကျေးမှုအသံကို လူမှုကွန်ယက်သတင်းနှင့် သက်တူရွယ်တူသူများဖြင့် ဖော်ပြသောအခါ ကျယ်လောင်ပြီး၊ ၎င်းသည် ဆယ်ကျော်သက်များအတွက် ဤအရေးကြီးသောမေးခွန်းများအပေါ် စံနှုန်းကို သတ်မှတ်ပေးပါသည်။ ဤအရေးကြီးသောအကြောင်းအရာများနှင့် ပတ်သက်၍ ဆယ်ကျော်သက်များကို ကိုင်တွယ်ရာတွင် အသင်းတော်သည် ၎င်း၏အခန်းကဏ္ဍကို မည်ကဲ့သို့ အကျုံးဝင်စေမည်နည်း။

- **ကိုယ်တွေ့အတွေ့အကြုံများသည် လူငယ်များ၏အသက်တာကို အလွန်အမင်းလွှမ်းမိုးသောအရာများ ဖြစ်ကြသည်။**
  ခရစ်တော်နှင့်လျှောက်လှမ်းခဲ့ပြီးသော ဆယ်ကျော်သက်များသည် သူတို့၏ စစ်မှန်သော ယုံကြည်ခြင်း အတွေ့အကြုံများကို ဆက်လက်ဆာလောင်နေကြပြီး၊ ဘုရားသခင်မရှိဟု ပြောသောသူများပင်လျှင်၊ ယေရှုကို သူတို့ကိုယ်တိုင် ကြုံကြိုက်ခဲ့မည်ဆိုလျှင်၊ သူတို့၏စိတ်ကို ပြောင်းလဲရန် ကြိုဆိုနေပါသည်။ ထိုအတွေ့အကြုံများ ဖြစ်ပျက်လာနိုင်ရန်အတွက် ပတ်ဝန်းကျင်နှင့် အခွင့်အရေးများကို ကျွန်ုပ်တို့ မည်ကဲ့သို့ ဖန်တီးနိုင်မည်နည်း။



## ROB HOSKINS ထံမှ ပေးပို့စာ

# ကျွန်ုပ်တို့ နားထောင်နေပါသလား။

ဤလေ့လာရှာဖွေမှုကို ကြည့်ခြင်းအားဖြင့် ယနေ့ခေတ် ဆယ်ကျော်သက်များကို မည်သူမှ (သို့) မည်သည့်အရာမှ လွှမ်းမိုးနေသည်ကို ကျွန်ုပ်တို့ ယခု၌ အတိအကျသိရပါသည်။ သမ္မာတရားကွယ်ပျောက်လာသော ယဉ်ကျေးမှုအကြားတွင် ဘုရားတရားကိုင်းရှိုင်းသော မျိုးဆက်တစ်ဆက် မွေးထုတ်သောအလုပ်သည် ဖြစ်နိုင်မည့်ပုံ မပေါ်ပါ။ သို့သော် ကျွန်ုပ်တို့၏ဘုရားသခင်တွင် မဖြစ်နိုင်သောအရာ မရှိပါ။ သူသည် လွဲချော်မှုမရှိသောဘုရားသခင် ဖြစ်ပါသည်။

ယနေ့လူငယ်များရင်ဆိုင်နေရသော တည်ဆောက်နေဆဲကာလအတွင်းတွင် တူညီသောအရာများကို ကျွန်ုပ်တို့ ကြုံတွေ့ခြင်းမရှိလည်း ဖြစ်နိုင်ပါသည်။ သို့သော် ဤတင်ပြချက်-လေ့လာတွေ့ရှိချက်-သည် အမြင်သစ်ကို ပေးနိုင်ပါသည်။ နေ့စဉ် သွားလာလှုပ်ရှားမှုအပေါ် ကျွန်ုပ်တို့၏လူငယ်များရင်ဆိုင်နေရသည့် စစ်မှန်သောစိန်ခေါ်မှုများကို ဤအရာအားဖြင့် ကျွန်ုပ်တို့ သိရှိနိုင်ပါသည်။

ဖိုမဖြစ်ခြင်းကိစ္စနှင့် လိင်ကိစ္စကဲ့သို့သော ယဉ်ကျေးမှုကို ညစ်ညမ်းစေသော ခေါင်းစဉ်များအပေါ် ပညာရှိသောအကြံဉာဏ်ကို ဆယ်ကျော်သက်များသည် တမ်းတကြောင်း ဤစာမျက်နှာများမှ ရှင်းလင်းစွာ ဖော်ပြထားပါသည်။ ကျွန်ုပ်တို့၏လူငယ်များအကြားတွင် တစ်ဦးချင်းစီ၏ အခက်အခဲများနှင့် မိမိကိုယ်ကိုသတ်သေရန် ကြံစည်/ကြိုးပမ်းမှု အံ့အားသင့်ဖွယ်နှုန်းများအရ သူတို့သည် အကူအညီလိုအပ်ကြောင်းကို ထင်ရှားစေပါသည်။ ဤလှိုင်းလုံးထနေသော ပင်လယ်ကြီးထဲတွင် သင်စိတ်မပျက်ပါနှင့်။ အကြောင်းမှာ သတင်းကောင်းရှိပါသည်။ ဆယ်ကျော်သက်များသည် သူတို့၏အသက်တာ၌ ကြီးမားသောမေးခွန်းများနှင့် ရင်ဆိုင်လာသောအခါ မိသားစုများ- ဆွေမျိုးအရေး (သို့) ဝိညာဉ်ရေး-သည် ပထမဆုံး သူတို့ချဉ်းကပ်သောနေရာအဖြစ် မြင်ကြပါသည်။

ကံမကောင်းစွာဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်၊ သင်းအုပ်ဆရာများနှင့် အသင်းတော်တို့တွင် တွေ့ရှိနိုင်သည့် စစ်မှန်သော သမ္မာတရားအရင်းအမြစ်များကို ချဉ်းကပ်မည့်အစား၊ ကျွန်ုပ်တို့၏ လူငယ်များသည် သူတို့ မည်သူမည်ဝါဖြစ်ကြောင်းနှင့် သူတို့၏ ရည်ရွယ်ချက်များသည် မည်သည့်အရာဖြစ်ကြောင်းကို ရှာဖွေရန် Google နှင့် YouTube များကို ချဉ်းကပ်ကြပါသည်။ သူတို့၏ ရှုပ်ထွေးမှုသည် အသစ်အဆန်းမဟုတ်ပါ။ အမှန်ဆိုရလျှင် ယနေ့ခေတ်ဆယ်ကျော်သက်များသည် ရှင်ယောဟန် ၁၄း ၅-၆ တွင်ဖော်ပြသော အသက်တာနှင့် ပတ်သက်၍ ကြီးမားသောမေးခွန်းကိုမေးမြန်းသည့် ကိုယ်တိုင်မြင်တွေ့မှ ယုံကြည်တတ်သော သောမနှင့် ဆင်တူကြပါသည်ဟု ကျွန်တော်ယူဆပါသည်။ ကျွန်ုပ်တို့သည် လမ်းခရီးကို မည်ကဲ့သို့ သိနိုင်မည်နည်း။

ဆယ်ကျော်သက်မျာသည် ဖောက်ပြန်တတ်ကြပြီး၊ ဖြားယောင်းတတ်သော ယဉ်ကျေးမှုနှင့်ပြည့်နေသော ကမ္ဘာကို သူတို့ မောင်းနှင်ဖို့ ကြိုးစားနေသည့်အတွက် ထာဝရသမ္မာတရားထံသို့ သူတို့ကို လမ်းပြခြင်းသည် ကျွန်ုပ်တို့၏ အလုပ် ဖြစ်ပါသည်။ သောမကဲ့သို့ပင် ယနေ့ထိလည်း မှန်ကန်နေဆဲဖြစ်သော အဖြေများကို ပေးစွမ်းနိုင်သော ယေရှုထံသို့ သံသယ၊ ရှုပ်ထွေးမှုနှင့် မေးခွန်းများရင်ဆိုင်နေရသော ဆယ်ကျော်သက်များကို ကျွန်ုပ်တို့ ပို့ဆောင်ရပါမည်။ နောက်မျိုးဆက်အနေဖြင့် သူတို့လိုအပ်သောအဖြေသည် မိုးတိမ်ပေါ်တွင်မရှိကြောင်းကို နားလည်ရန် လိုအပ်ပါသည်။ ဤကမ္ဘာသည် မည်မျှပင် ရှုပ်ထွေး၊ တွေဝေပြီး၊ ကြိုတင်မခန့်မှန်းနိုင်လျှင်လည်း သူတို့သည် သမ္မာတရားကို အမြဲတမ်းတွေ့ရှိနိုင်ပြီး၊ "ငါသည် လမ်းခရီးဖြစ်သည်" ဟုပြောသော သူ(ယေရှု)၏အဖြေနှင့်အတူ သူတို့ ရပ်တည်နိုင်ပါသည်။

*"ငါသည် လမ်းခရီးဖြစ်သည်။"*

# ဝမ်းဟောပ် (OneHope) အကြောင်း

ကမ္ဘာအနှံ့တွင်ရှိသော ဒေသန္တာရ အသင်းတော်များ၊ သာသနာလုပ်ငန်းများနှင့် အစိုးရများနှင့် လက်တွဲလျက်၊ ဝမ်းဟောပ်သည် သန်းပေါင်း ၁၆၀၀ သော ကလေးများနှင့် လူငယ်များထံသို့ ဘုရားသခင်၏နှုတ်ကပတ်တော်ကို အရောက်ပို့နိုင်ခဲ့ပါသည်။ ဝမ်းဟောပ်သည် ကြီးကြပ်ကွပ်ကဲသော လေ့လာရှာဖွေခြင်းပြုလုပ်သည့်နိုင်ငံအပေါ် အခြေခံ၍၊ သမ္မာကျမ်းစာလေ့လာခြင်း အစီအစဉ်များကိုလည်း အသက်အရွယ်နှင့်လိုက်ဖက်အောင်နှင့် ယဉ်ကျေးမှုနှင့်ဆပ်စပ်ရန် စီစဉ်ဆောင်ရွက်ပါသည်။ ၁၉၈၇ ခုနှစ်မှအစပြုလျက် ဘုရားသခင်၏ပုံပြင်ကို သိရှိစေရန် ဝမ်းဟောပ်သည် ကလေးများကို ကူညီခဲ့ပြီး၊ ဘဝကို ပြောင်းလဲစေနိုင်သော မျှော်လင့်ခြင်းသတင်းစကားကိုလည်း နိုင်ငံအသီးသီးရှိ ကလေးများနှင့် လူငယ်များထံသို့ မျှဝေခဲ့ပါသည်။ ပိုမိုသိရှိလိုပါက onehope.net သို့ ဝင်ပါ။

# ဖွဲ့စည်းလုပ်ဆောင်ပုံနည်းစနစ်ကို လေ့လာခြင်း

ဤလေ့လာမှုသည် နိုင်ငံပေါင်း (၂၀)တွင်ရှိသော အသက် ၁၃-၁၉ အရွယ်ရှိ ဆယ်ကျော်သက်(၈၃၉၄)ဦးကို ဆန်းစစ်ခဲ့ပါသည်။ နိုင်ငံတစ်ခုစီတိုင်းတွင် ဆယ်ကျော်သက်(၄၀၀)ခန့်ကို ကိုယ်စားပြုသော နမူနာပုံစံတစ်ခု၏ အချိုးအစား ရလဒ်များသည် အသက်(၁၃)နှစ်မှ (၁၉)နှစ်အရွယ်ရှိ ဆယ်ကျော်သက်များအတွက် မှန်ကန်သော လူဦးရေ အချိုးအစား ၅% အတွင်း ရှိကြောင်း ၉၅% ယုံကြည်စိတ်ချစေရန်နှင့် ကိုက်ညီသော စာရင်းအင်းနှင့်ဆိုင်သည့် စမ်းသပ်မှုများ ဆောင်ရွက်ရန် စာရင်းအင်းနှင့်ဆိုင်သော ဉာဏ်စွမ်းကို ပြင်ဆင်ပေးပါသည်။ နိုင်ငံအများအပြားနှင့် ကမ္ဘာ့နေရာအနှံ့အတွက် ယုံကြည်စိတ်ချမှုအတိုင်းအတာသည် ပိုမိုမြင့်မားပြီး၊ အမှားအယွင်းအတိုင်းအတာမှာ ပို၍ နည်းပါးသည်။

(၅)နိုင်ငံ (တရုတ်၊ အီဂျစ်၊ အိန္ဒိယ၊ ဂျပန်နှင့် ဗီယက်နမ်) များတွင် ဘာသာရေးအခြေခံသော စီစစ်ချက်များနှင့်နှိုင်းယှဉ်ချက်များအတွက် အဓိပ္ပါယ်ရှိသော ပုံစံအရွယ်အစားတစ်ခုရရှိနိုင်ဖို့အလို့ငှါ အနည်းဆုံး ဖြေဆိုသူ ၁၀% မှာ ခရစ်ယာန်များဖြစ်ကြောင်း သေချာစေရန် ကန့်သတ်ပမာဏများကို အသုံးပြုပါသည်။ ကန့်သတ်ပမာဏများမသုံးဘဲ ခရစ်ယာန်များနှင့် မူဆလင်များအတွက် အနိမ့်ဆုံး ၁၀% ပုံစံအရွယ်အစားသတ်မှတ်ချက်များကို အခြားသောနိုင်ငံအများအပြားတွင် ရရှိ (သို့) ရလုနီးပါး ဖြစ်ပါသည်။ အနည်းဆုံးဖြေဆိုသူ ၄၀% သည် အမျိုးသမီးများဖြစ်ကြောင်း သေချာစေရန် နမူနာကန့်သတ်ပမာဏတစ်ခုကိုလည်း ကင်ညာနိုင်ငံတွင် အသုံးပြုပါသည်။

အသုံးအဆောင်များကို စင်တီမင့် (Centiment Research) သုတေသနအဖွဲ့မှတဆင့် ဖြန့်ဝေထားပါသည်။ အရည်အချင်းတိုင်းတာသည့်အနေဖြင့် ဖြေဆိုသူများသည် အာရုံစိုက်စစ်ဆေးသည့် မေးခွန်းလေးတစ်ခုကို မှန်ကန်အောင်ဖြေဆိုနိုင်ခြင်းမရှိခဲ့လျှင်၊ သူတို့သည် အရည်အချင်းမပြည့်ဟု သတ်မှတ်ခံရသည်။ သုတေသနအသုံးအဆောင်ထဲတွင် အခြေခံမေးခွန်း (၇၀) ပါဝင်ပြီး၊ တိကျသော စိတ်ဝင်စားဖွယ်အကြောင်းအရာများကို စူးစမ်းရှာဖွေရန် ဒေသတစ်ခုစီတိုင်းအတွက် ပြင်ဆင်ထားသော ထပ်ဖြည့်မေးခွန်းအမြောက်အများလည်း ပါဝင်ပါသည်။

# အချက်အလက် စုဆောင်းခြင်း

ဤလေ့လာမှုအတွက် အချက်အလက်များကို ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) မှ ၂၀၂၀ခုနှစ်၊ မတ်လ (၂၇) အထိ စုဆောင်းထားပါသည်။ ဤလေ့လာချက်၏ အခန်းကဏ္ဍတစ်ခုအဖြစ် စုံစမ်းထားသည့် စိတ်ဓါတ်ကျခြင်း၊ စိုးရိမ်ခြင်းနှင့် အခြားသောအရာများ အပါအဝင်၊ စိတ်ကျန်းမာရေးနှင့်ပတ်သက်သောအရာများနှင့် အွန်လိုင်းပေါ် အချိန်အသုံးပြုမှုအားလုံးအပါအဝင်၊ သတင်းအချက်အလက်များကို ထိခိုက်နိုင်ဖွယ်ရှိသော အိမ်တွင်း၌ ခိုလှုံရန်နှင့် အပြင်မထွက်ရန် ကမ္ဘာအနှံ့ အမိန့်ထုတ်ပြန်ခြင်း၏အကျိုးဆက်ကို ဆယ်ကျော်သက်များမှ မခံစားမီ သူတို့၏ယုံကြည်မှုများနှင့် အပြုအမူများကို ဤသုတေသနပြုချက်မှ မှန်ကန်စွာ ဖော်ထုတ်ထားသည်ဟု ကျွန်ုပ်တို့ ယုံကြည်ထားပါသည်။ တရုတ်နိုင်ငံမှလွဲ၍ နိုင်ငံတိုင်းတွင် အချက်အလက်စုဆောင်းခြင်းကို ကိုဗစ်-၁၉ ကဒ်ဘေးကြောင့် အသွားအလာပိတ်ဆို့ခြင်းမထုတ်ပြန်မီ ပြီးစီးခဲ့ပါသည်။ အစောဆုံးသော အသွားအလာပိတ်ဆို့ခြင်း လုပ်ငန်းစဉ်နှင့်အတူ၊ ကမ္ဘာ့ကဒ်ဘေးအလယ်ချက်မအဖြစ် တရုတ်နိုင်ငံသည် မှတ်သားလောက်သော ခြွင်းချက်တစ်ခု ဖြစ်သည်။

| နိုင်ငံ | ပုံစံအရွယ်အစား | အချက်အလက်စုဆောင်းသည့်နေ့စွဲများ |
|---|---|---|
| အာဂျင်တီးနား | ဆယ်ကျော်သက် ၄၂၀ | ဖေဖော်ဝါရီ ၂၇ - မတ် ၂၊ ၂၀၂၀ဆယ်ကျော်သက် ၄၂၀ |
| ဘရာဇီး | ဆယ်ကျော်သက် ၄၂၀ | ဖေဖော်ဝါရီ ၂၇ - မတ် ၁၁၊ ၂၀၂၀ဆယ်ကျော်သက် ၄၁၃ |
| တရုတ် | ဆယ်ကျော်သက် ၄၂၀ | ဖေဖော်ဝါရီ ၂၇ - မတ် ၆၊ ၂၀၂၀ဆယ်ကျော်သက် ၄၂၀ |
| ကိုလံဘီယာ | ဆယ်ကျော်သက် ၄၁၃ | ဖေဖော်ဝါရီ ၂၇- မတ် ၂၊ ၂၀၂၀ |
| အီဂျစ် | ဆယ်ကျော်သက် ၄၂၀ | ဖေဖော်ဝါရီ ၂၇- မတ် ၉၊ ၂၀၂၀ |
| အိန္ဒိယ | ဆယ်ကျော်သက် ၄၁၂ | ဖေဖော်ဝါရီ ၂၈- မတ် ၁၇၊ ၂၀၂၀ |
| အင်ဒိုနီးရှား | ဆယ်ကျော်သက် ၄၂၀ | ဖေဖော်ဝါရီ ၂၇- မတ် ၇၊ ၂၀၂၀ |
| ဂျပန် | ဆယ်ကျော်သက် ၄၂၅ | ဖေဖော်ဝါရီ ၂၇- မတ် ၂၃၊ ၂၀၂၀ |
| ကင်ညာ | ဆယ်ကျော်သက် ၄၃၅ | ဖေဖော်ဝါရီ ၂၅- မတ် ၂၇၊ ၂၀၂၀ |
| မက္ကဆီကို | ဆယ်ကျော်သက် ၄၂၀ | ဖေဖော်ဝါရီ ၂၇- မတ် ၂၊ ၂၀၂၀ |
| နယ်သာလန် | ဆယ်ကျော်သက် ၄၁၉ | ဖေဖော်ဝါရီ ၂၇- မတ် ၈၊ ၂၀၂၀ |
| နိုင်ဂျီးရီးယား | ဆယ်ကျော်သက် ၄၂၀ | ဖေဖော်ဝါရီ ၂၄- မတ် ၂၀၊ ၂၀၂၀ |
| ပေါ်တူဂီ | ဆယ်ကျော်သက် ၄၁၉ | မတ် ၇- မတ် ၁၈၊ ၂၀၂၀ |
| ရိုမေးနီးယား | ဆယ်ကျော်သက် ၄၂၀ | ဖေဖော်ဝါရီ ၂၈- မတ် ၁၃၊ ၂၀၂၀ |
| ရုရှား | ဆယ်ကျော်သက် ၄၁၈ | ဖေဖော်ဝါရီ ၂၇- မတ် ၂၊ ၂၀၂၀ |
| တောင်အာဖရိက | ဆယ်ကျော်သက် ၄၂၀ | ဖေဖော်ဝါရီ ၂၄- မတ် ၇၊ ၂၀၂၀ |
| စပိန် | ဆယ်ကျော်သက် ၄၂၀ | မတ် ၇- မတ် ၁၃၊ ၂၀၂၀ |
| ဗြိတိန် | ဆယ်ကျော်သက် ၄၂၀ | ဖေဖော်ဝါရီ ၂၄- မတ် ၃၊ ၂၀၂၀ |
| အမေရိကန် | ဆယ်ကျော်သက် ၄၁၀ | ဖေဖော်ဝါရီ ၂၄- မတ် ၂၉၊ ၂၀၂၀ |
| ဗီယက်နမ် | ဆယ်ကျော်သက် ၄၂၃ | မတ် ၁၄- မတ်၂၆၊ ၂၀၂၀ |

# အဓိပ္ပါယ်ဖွင့်ဆိုချက်များ

## ဆက်ကပ်သော ခရစ်ယာန်များ

မိမိကိုယ်ကို ခရစ်ယာန်အဖြစ် ခံယူထားသောသူ၊ သို့သော် Jehovah Witnesses (သို့) Mormon မဟုတ်၊ သူတို့၏စံနှုန်းကိုလည်း မလိုက်လျှောက်သော ဆယ်ကျော်သက်များ

- ဘုရားသခင်တည်ရှိကြောင်းနှင့် သူနှင့် ကိုယ်တိုင် မိတ်သဟာယဖွဲ့နိုင်ကြောင်း ယုံကြည်ခြင်း
- ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်းကို ယုံကြည်ခြင်း
- အပြစ်ခွင့်လွှတ်ခြင်းသည် ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့်သာလျှင် ဖြစ်နိုင်ကြောင်း ယုံကြည်ခြင်း
- သမ္မာကျမ်းစာသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်ကြောင်း ယုံကြည်ခြင်း
- သမ္မာကျမ်းစာကို မိမိကိုယ်တိုင် နေ့စဉ် (သို့) အပတ်စဉ် ဖတ်ရှုခြင်း
- နေ့စဉ် (သို့) အပတ်စဉ် ဆုတောင်းခြင်း

မိမိကိုယ်ကိုဆက်ကပ်သော ဆယ်ကျော်သက်ခရစ်ယာန်များသည် Catholic, Seventh Day Adventist, Orthodox (သို့မဟုတ်) အခြားသော ခရစ်ယာန်ဂိုဏ်းဂဏဝင်များလည်း ဖြစ်နိုင်ကြောင်း သတိရပါ။

## အမည်ခံခရစ်ယာန်များ

မိမိကိုယ်ကိုခရစ်ယာန်အဖြစ် သတ်မှတ်သောသူ၊ သို့သော် Jehovah Witness (သို့မဟုတ်) Mormon မဟုတ်၊ ဆက်ကပ်သော ခရစ်ယာန်အတွက် သတ်မှတ်ထားသော အရေးကြီးသော ယုံကြည်ချက်များ (သို့မဟုတ်) အပြုအမူများ၏ စံနှုန်းကို မလိုက်လျှောက်သော ဆယ်ကျော်သက်များ။

## အခြားသောဘာသာဝင်များ

ဗုဒ္ဓဘာသာဝင်၊ ဟိန္ဒူဘာသာဝင်၊ ဂျူးဘာသာဝင်၊ မူဆလင်ဘာသာဝင်၊ (သို့မဟုတ်) အခြားသောဘာသာဝင်အဖြစ် မိမိကိုယ်ကိုသတ်မှတ်သော ဆယ်ကျော်သက်များ။

## ဘာသာမဲ့

ဘုရားမဲ့၊ ဘုရားမယုံကြည်သူ (သို့မဟုတ်) နှစ်ခုစလုံးမဟုတ်ဟု မိမိကိုယ်ကိုသတ်မှတ်သော ဆယ်ကျော်သက်များ။

# မေးခွန်းများ

သုတေသနအကြောင်းနှင့် ပတ်သက်၍ မေးခွန်းများ
research@onehope.net ကို ဆက်သွယ်ပါ။

OneHope
God's Word. Every Child.

ကမ္ဘာလုံးဆိုင်ရာ လူငယ်တို့၏ ယဉ်ကျေးမှု၊ ကမ္ဘာလုံးဆိုင်ရာ တင်ပြချက်
မူပိုင်ခွင့် © ၂၀၂၁ OneHope, Inc.
600 SW Third Street Pompano, FL 33060
onehope.net

ကျမ်းကိုးကားချက်များသည် ခေတ်သုံးမြန်မာသမ္မာကျမ်းစာမှ ဖြစ်သည်။
မူပိုင်ခွင့် ©၂၀၀၁ မြန်မာနိုင်ငံကျမ်းစာအသင်း၊ ရန်ကုန်။
လုပ်ပိုင်ခွင့်အားလုံး ထိန်းသိမ်းသည်။
ပြန်လည်ထုတ်ဝေသည့်နှစ်- ၂၀၀၅

အကြံပြုထားသော ကိုးကားချက်-
*OneHope. (August 2020). Global Youth Culture, Global Report.*
*www.globalyouthculture.net*
*ကမ္ဘာလုံးဆိုင်ရာ လူငယ်တို့၏ ယဉ်ကျေးမှု*



# ကမ္ဘာလုံးဆိုင်ရာ
## လူငယ်တို့၏ယဉ်ကျေးမှု

OneHope
God's Word. Every Child.

OneHope | 600 SW 3rd St. Pompano Beach, FL 33060 | 1-800-448-2425 | onehope.net